# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၄၆)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ ၁၈-၁၁-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၁၇

အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ သို့** ❑



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ရောင်းချရန်ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၁၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် **မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၁၈ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး

# မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများ တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်လျက်ရှိ

ကမ္ဘာမြေပေါ်၌ လူမျိုးနွယ်အမျိုးမျိုးရှိကြရာတွင် မိမိတို့နေထိုင်ရာပတ်ဝန်းကျင် ရေမြေတောတောင် သဘာဝတို့၏ ကွဲပြားမှုအရ မတူညီသော ကိုယ်ပိုင်ဓလေ့များရှိကြသည်။ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများသည် အခြားနိုင်ငံများနှင့်မတူဘဲ တစ်မူထူးခြား ယဉ်ကျေးသိမ်မွေ့လှသည်။

နိုင်ငံတစ်နိုင်ငံ၏ လူနေမှုအဆင့်အတန်းဂုဏ်ကို အရိပ်ထင်ဟပ်စေသောအရာသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အမြုတေရတနာဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့ခြင်းကို "ဘေးဘိုးစဉ်ဆက် မပြတ်သုံးစွဲ ကျင့်မြဲလေ့ထ စာရိတ္တဖြင့်"လက်ဆင့်ကမ်း ထိန်းသိမ်းလေ့လာသော မြန်မာလူမျိုးတို့၏ အဆင့်အတန်းမြင့်မားမှုတို့က ထင်ရှားလှသည်။

ထို့အပြင် ကမ္ဘာပေါ်တွင်လည်း လူမျိုးအသီးသီးရှိကြရာ နေထိုင်ရာပတ်ဝန်းကျင် ရေမြေတောတောင် သဘာဝစရိုက် ဘာသာထုံးတမ်းစဉ်လာ ကိုးကွယ်ယုံကြည်မှုအရ လူမျိုးတစ်မျိုးနှင့် တစ်မျိုး အပြောအဆို နေထိုင်ပုံ ဝတ်စားဆင်ယင်ပုံ ဂီတအနုပညာမှအစ ကွဲပြားခြားနားသည်။ မည်သို့ပင် ကွဲပြားစေကာမူ ကမ္ဘာ့အလယ်တွင် မြန်မာတို့သည် နှစ်ပေါင်းထောင်ချီကာ ကိုယ်ပိုင်ယဉ်ကျေးသိမ်မွေ့မှုရှိကြသည်ကိုမူ ငြင်း၍ရမည်မဟုတ်ပါ။

"မြန်မာအစ တကောင်းက"ဟူသည့် ဆိုရိုးစကားအတိုင်း မြန်မာတို့၏ စိတ်နေသဘောထား ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ ယဉ်ကျေးသိမ်မွေ့မှုများသည် တကောင်းပြည်ကို စတင်တည်ထောင်ခဲ့သည့် ရှေးကတည်းက ယခုအချိန်အထိ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ မြန်မာတို့သည် အလွန်တရာ ယဉ်ကျေးသိမ်မွေ့သော ဓလေ့ထုံးတမ်းများကို ပိုင်ဆိုင်ထားကြသည်။

မြန်မာတို့သည် ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်း ရိုသေလေးမြတ်စွာ ကိုးကွယ်ကြသည်။ ဗုဒ္ဓဘုရားရှင်၏ တရားအရိပ်၌ ယဉ်ကျေးသောလူမျိုးများအဖြစ် ရပ်တည်ရှင်သန်ခဲ့သည်။ သို့သော် ယခုအခါတွင် လူငယ်လူရွယ်အချို့သည် ယဉ်ကျေးမှုများပျက်ပြားလာပြီး ဘုန်းတော်ကြီးများနှင့် ဆရာ၊ ဆရာမများကို ရိုင်းစိုင်းစွာစော်ကားခြင်းများအထိ ပြုလုပ်လာသည်ကို စိတ်မကောင်းစွာ တွေ့ရှိနေရသည်။

လူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် ယဉ်ကျေးလိမ္မာမှုရှိစေရေး ပြန်လည်တည့်မတ်ပေးရန် လိုအပ်လျက်ရှိသည်။ ဘာသာတရားများနှင့်အညီ ယဉ်ကျေးလိမ္မာမှုရှိစေရေး မိဘနှင့် ဆွေမျိုးများက ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုအပ်နေပြီဖြစ်သည်။

ကိုယ်ခံစွမ်းအား ချို့တဲ့သောအခါ ကူးစက်ရောဂါများ အလွယ်တကူ ဝင်ရောက်လာနိုင်သကဲ့သို့ ဝံသာနုရက္ခိတ စိတ်ဓာတ်များ ချို့တဲ့လာပါက တိုင်းတစ်ပါးသရုပ်ပျက် ယဉ်ကျေးမှု ဖောက်ထွင်းလွှမ်းမိုးမှုကို ကြံ့ကြံ့မခံနိုင်ဘဲ အမျိုးသားယဉ်ကျေးမှု မဏ္ဍိုင်ယိမ်းယိုင်လာတတ်သည်။

မြန်မာ့ဓလေ့ မြန်မာ့အစဉ်အလာများသည်လည်း အကျည်းတန်အရုပ်ဆိုးလာရသည်။ ယနေ့ လူငယ်လူရွယ်အချို့သည် ရုပ်ရှင်၊ စာအုပ်၊ ဂီတများ၊ အွန်းလိုင်းဂိမ်းကစားခြင်းများမှတစ်ဆင့် ကိုယ့်နိုင်ငံနှင့် မအပ်စပ်သည့် တိုင်းတစ်ပါးယဉ်ကျေးမှုကို အမြတ်တနိုးလက်ခံကျင့်သုံးခြင်းဖြင့် အမျိုးသားရေးအသွင်သဏ္ဌာန်များ ပျက်ယွင်းနေသည်ကို တွေ့လာရသည်။ ဟိုရီညြတ္တပ္ပတရား ကင်းမဲ့ရာရောက်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုင်းစိုင်းစွာပြောဆိုဆက်ဆံမှုများက အနောက်တိုင်းယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှုကို ဖော်ပြနေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့နှင့် မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများ တည်တံ့ခိုင်မြဲစေရေးအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပပေးခြင်း၊ ရှေးအစဉ်အလာယဉ်ကျေးမှုများ ပြန်လည်ဖော်ထုတ်ပေးခြင်းဖြင့် လွှမ်းမိုးနေသော သရုပ်ပျက်များကို တိုက်ဖျက်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
ကြေညာချက်
နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ်သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းအား ၁၃-၁၁-၂၀၂၅ ရက်နေ့မှစတင်၍ ဝန်ကြီးဌာန၏ website ဖြစ်သည့် https://mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ website ဖြစ်သည့် https:// ucmt.edu.mm တို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ် (၂၀၂၅ အောင်)၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်သင်တန်းများ၏ ပထမနှစ်ဝက်နှင့် စတုတ္ထနှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများကို ၁၇-၁၁-၂၀၂၅ ရက်နေ့မှစတင်၍(စနေနှင့် တနင်္ဂနွေနေ့များ အပါအဝင်) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်၊ သတင်းပို့မှုများကို စတင်လက်ခံမည်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ သင်တန်းနှစ်အသီးသီး၏ နေ့သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)
ကြေညာချက်
နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကြီးကြပ်မှုအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းနှစ်များအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှစ၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## မြို့မနှစ်တစ်ရာပြည့် အထိမ်းအမှတ်(Level 1)အဆင့် သီချင်းဆိုပြိုင်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးမြို့မတူရိယာအသင်း နှစ်တစ်ရာပြည့်ပွဲတော် အထိမ်းအမှတ်သီချင်းဆိုပြိုင်ပွဲ(Level 1) အဆင့်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ ၅၃လမ်း၊ ၃၆ လမ်းနှင့် ၃၇လမ်းကြားရှိ ဟောဇယ်ဟိုတယ်တွင် ကျင်းပသည်။

ပြိုင်ပွဲသို့မြို့မအသင်း နာယကများနှင့်အတူ အသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်နှင့် အမှုဆောင်အဖွဲ့ဝင်များ မြို့မတူရိယာအသင်းနှင့်အတူ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များတက်ရောက်ကြကာ ဝါသနာရှင်များ လာရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် ဆန်ခါတင်အဆင့်(Level 1)၌ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဝင်များက ယှဉ်ပြိုင်ရမည့်သီချင်းကို မဲနှိုက်ရွေးချယ်ရာတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၌ သတ်မှတ်မဲကျရာ သီချင်းတို့ဖြင့် မြို့မတူရိယာအသင်းနှင့်တွဲဖက်၍ ယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့ယှဉ်ပြိုင်သော ပြိုင်ပွဲဝင်အယောက် ၄၀ ထဲမှ အယောက် ၂၀ ကို ရွေးချယ်မည်ဖြစ်ကာ နောက်ဆုံးအဆင့်ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်တွင် ဟောဇယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် သီချင်းပြိုင်ပွဲဆုပေးပွဲကို အသင်းနှစ်တစ်ရာပြည့်အထိမ်းအမှတ် ဖျော်ဖြေပွဲကျင်းပမည့် နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အောက်ကမ်းနားလမ်း၊ ၁၀ လမ်းနှင့် ၁၁ လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄ လမ်း၊ ၁၁၀(D) လမ်းနှင့် ၁၁၁လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၁၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)၊ အုတ်စက်ရပ်ကွက်၊ မွှာရုံဝင်းအတွင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည် ကုန်းရပ်ကွက်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင် လည်းကောင်း၊ နိုဝင်ဘာ ၁၉ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၀ လမ်း၊ ဒေါနဘွားကားဝင်းအနီး၊ ဓာတ်ငွေ့စက်ရုံရှေ့နှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်တို့တွင် လည်းကောင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်းနှင့် ၄၃ လမ်းထောင့်၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့တွင်လည်းကောင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၂)၊ ၈၂လမ်းနှင့် ၂၄လမ်းထောင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်။ **(အောက်ဝဲပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❑ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် အကြိမ်(၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြသည်။

### လမ်းညွှန်မှာကြား

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် အကြိမ်(၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊

စာမျက်နှာ ၄ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသော ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

" အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၆ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျောက်စိမ်းရိုင်း အတွဲ ၅၀၆၄ တွဲ၊ ကျောက်စိမ်းအချောထည်အတွဲ ၂၁ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲ၊ ကျောက်မျက်လက်ဝတ်ရတနာ အတွဲ ၁၄၇ တွဲ၊ ပုလဲအတွဲ ၄၈၉ တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် "




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများထုတ်လုပ်မှုနှင့် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်း အတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**အိတ်ဖွင့်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်**

အဆိုပါ အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၆ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျောက်စိမ်းရိုင်းအတွဲ ၅၀၆၄ တွဲ၊ ကျောက်စိမ်းအချောထည်အတွဲ ၂၁ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲ၊ ကျောက်မျက် လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ၊ ပုလဲအတွဲ ၄၈၉ တွဲတို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံ (A)ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။



အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို ၁၁ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပွဲစဉ်တစ်လျှောက် တစ်ဦးချင်းနေရာလိုက် အကောင်းဆုံးဆုများဖြစ်သည့် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးဆုရရှိသူများနှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများ၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသည့်အသင်းများအား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ယနေ့အထိ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စစ်ဆေးအကဲဖြတ်သူနည်းစနစ်သင်တန်း (Assessor Methodology Training) သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၇

စစ်ဆေးအကဲဖြတ်သူ နည်းစနစ်သင်တန်း (Assessor Methodology Training) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ ကျင်းပရာ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA) ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက NSSA ၏ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်မည့် စစ်ဆေးအကဲဖြတ်သူ(Assessor)များသည် Key Player များအဖြစ် ပါဝင်ဆောင်ရွက်ရသည့်အတွက် Assessor များ၏အခန်းကဏ္ဍ အလွန်အရေးပါကြောင်း၊ စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လက်တွေ့သုံးပစ္စည်းများကို ကြိုတင်စစ်ဆေးခြင်း၊ ဖြေဆိုသူလက်စွဲစာအုပ်ပါ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းမျှဝေခြင်း၊ ဖြေဆိုရာတွင် တွေ့ကြုံနိုင်သောအခက်အခဲများမျှဝေခြင်း၊ စာတွေ့/လက်တွေ့ နမူနာပုံစံများ မျှဝေခြင်း၊ ဖြေဆိုမည့်သူများ ဝင်ရောက်ဖြေဆိုရန် အရည်အချင်းပြည့်မီမှုရှိ/မရှိ အကဲဖြတ်ခြင်း၊ ကြိုတင်စိစစ်ခြင်းတို့အပြင် ဖြေဆိုသူများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးရသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးရကြောင်း၊ သင်တန်းတက်ရောက်လာသူ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအနေဖြင့် သင်တန်းတွင် ပို့ချပေးသည့် အသိပညာ၊ ဗဟုသုတများကို လက်တွေ့ လိုက်နာဆောင်ရွက်နိုင်ရေး သေချာမှတ်သားသွားစေလိုကြောင်း။



NSSA အသိအမှတ်ပြု Assessor များအဖြစ် ၂၀၁၄ ခုနှစ်မှစတင်အသိမှတ်ပြုပေးခဲ့ရာ ယနေ့အထိ Assessor ၉၁၄ ဦး အသိအမှတ်ပြုနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ တက်ရောက်လာသူများအနေဖြင့် Assessor အသိအမှတ်ပြုလက်မှတ်ရရှိပါက NSSA ၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းနှင့် ခေတ်အလိုက် ပြောင်းလဲတိုးတက်သည့် နည်းပညာများကို အမီလိုက်နိုင်စေရေးစဉ်ဆက်မပြတ်လေ့လာသွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး နှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းက နေပြည်တော် Jasmine Nay Pyi Taw Hotel ၌ Hybrid Mode ဖြင့် စတင်ကျင်းပ သည်။

အကြိမ်(၆၀)မြောက်အာဆီယံ ပို့ဆောင်ရေး အဆင့်မြင့်အရာရှိ ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး က အစည်းအဝေးသို့ တက်ရောက် သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ နှင့် ဆွေးနွေးဖက်နိုင်ငံများမှ အရာရှိကြီးများအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ အရေးပါသည့် အာဆီယံပို့ဆောင် ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်း အဝေးကို မြန်မာနိုင်ငံက အိမ်ရှင် အဖြစ် လက်ခံကျင်းပခွင့်ရသည့် အတွက် များစွာဂုဏ်ယူပါကြောင်း၊ ယခု အစည်းအဝေးများတွင် အာဆီယံအသိုက်အဝန်း ၂၀၄၅နှင့် အာဆီယံ ပေါင်းစည်းဆက်သွယ် မှု ၂၀၃၀ နှင့်အညီ အာဆီယံ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း စီမံကိန်း(၂၀၂၆-၂၀၃၀) ဖော် ဆောင်နိုင်ရေးကိုလည်း ကြိုဆိုပါ ကြောင်း၊ အာဆီယံဒေသတွင်း ရေရှည်တည်တံ့သော ပို့ဆောင် ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆန်းသစ်တီထွင်ရေး၊ စွမ်းဆောင်ရည် မြှင့်တင်ရေး အတွက် ဆွေးနွေးဖက်နိုင်ငံများ၏ စဉ်ဆက်မပြတ်ပံ့ပိုးမှုသည်များစွာ ထိရောက်မှုရှိပါကြောင်း၊ အာဆီ ယံမိသားစုများ၊ ဆွေးနွေးဖက် နိုင်ငံများနှင့် အာဆီယံအတွင်း ရေးမှူးရုံး၏ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာ သောကတိကဝတ်များကို ကျေးဇူး တင်ပါကြောင်း ပြောကြားသည်။



ထို့နောက် အစည်းအဝေး တက်ရောက်ကြသည့် အဖွဲ့ဝင် နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီး များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အစည်းအဝေး အစီအစဉ်များကို ဆက်လက် ဆောင်ရွက်သည်။

အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို မြန်မာနိုင်ငံ က အိမ်ရှင်အဖြစ် ၂၀၀၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် နှစ်ကြိမ် ကျင်းပခဲ့ပြီး ယခုတတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။

ယခုကျင်းပသည့် အစည်း အဝေးများသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အဆင့်မြင့်အရာရှိ ကြီးများ၊ အာဆီယံအတွင်းရေး မှူးချုပ်ရုံးနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အီးယူစသော ဆွေးနွေးဖက်နိုင်ငံများမှ အဆင့် မြင့်အရာရှိကြီးများ ပါဝင်တက် ရောက်လျက်ရှိကြောင်း၊ အစည်း အဝေးများကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ရက်အထိ ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိများအစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

(၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး (13th ASEAN Law Ministers Meeting-ALAWMM)ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံ အဆင့်မြင့်ဥပဒေအရာရှိများ အစည်းအဝေး (24th ASEAN Senior Law Officials Meeting-ASLO) ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာ ဝန်ကြီးများအစည်းအဝေး (13th ASEAN Law Ministers Meeting-ALAWMM) ကို နိုဝင်ဘာ ၁၃ ရက် မှ ၁၅ ရက်အထိကျင်းပခဲ့ရာ ဥပဒေရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေ ချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အဆိုပါအစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံသမ္မတ H.E. Mr. Ferdinand Romualdez Marcos Jr. က အဖွင့်အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ တရားရေး/ ဥပဒေရေးရာဝန်ကြီးများ၊ ရှေ့နေချုပ်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူး ချုပ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်ဥပဒေအရာရှိ ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန် ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အာဆီယံဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေရေးရာကိစ္စရပ် များအား ပူးပေါင်းဆောင်ရွက်နိုင်ရန် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံများအကြား ဥပဒေရေးရာ သတင်းအချက်အလက်များ ဖလှယ် ခြင်းနှင့် ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ခြင်းသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ဥပဒေရေးရာ နယ်ပယ်၌ အဓိကပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ယနေ့နည်းပညာခေတ်တွင် အကြမ်းဖက်မှုများ၊ အဂတိလိုက်စားမှုများ၊ ငွေကြေးခဝါချမှုများနှင့် ပိုင်ဆိုင်မှုများအား ခိုးယူသောအမှုများကို နည်းပညာ အသုံးပြု၍ အုပ်စုဖွဲ့ကျူးလွန်လျက်ရှိကြောင်း၊ အဆိုပါပြစ်မှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများ ဖြစ်သဖြင့် နိုင်ငံတကာအဆင့်သာမကဘဲ ဒေသ ဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ တည်ငြိမ်အေးချမ်း ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လာ သဖြင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုဖြင့် ဖြေရှင်းဆောင်ရွက်သင့်ကြောင်း၊ ဥပဒေရေးရာကိစ္စရပ်များကို အပြန်အလှန် အကူ အညီပေးရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်တစ်ရပ် တည်ထောင်ခြင်းသည် အကြမ်းဖက်မှုများ၊ အဂတိလိုက်စားမှုများ၊ ငွေကြေး ခဝါချမှုနှင့် ပိုင်ဆိုင်မှုများ၊ ခိုးယူမှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် အဓိကကျပါကြောင်း။

မြန်မာနိုင်ငံသည် အထူးသဖြင့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက် ၍ အွန်လိုင်းလိမ်လည်မှုများနှင့် နိုင်ငံဖြတ်ကျော် ကျူးလွန်သော ငွေကြေးလိမ်လည်မှုဆိုင်ရာ ရာဇဝတ် မှုခင်းများကို ကိုင်တွယ်ဖြေရှင်းခဲ့ရာ ကျူးလွန်သော သူများအား ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ မြန်မာ နိုင်ငံသည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေးစာချုပ်အား ရုရှားဖက်ဒရေးရှင်း နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် ချုပ်ဆိုခဲ့သည့်အပြင် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူ အညီပေးရေးဆိုင်ရာ ဘင်းစတက်ကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သော အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်းဆိုင်ရာ ကြေညာ ချက်အား မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများက ရှေ့နေချုပ်များ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါ အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင် ခြင်းအားဖြင့် တရားစွဲနှင့်အမှုလိုက်ဆိုင်ရာ လုပ်ငန်း များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမို နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ် တစ်ရပ်ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံ ဖြတ်ကျော်မှုခင်းများအား ထိရောက်စွာ တိုက်ဖျက် နိုင်ရန်အတွက် နိုင်ငံဖြတ်ကျော်ဥပဒေရေးရာ ဝန်ဆောင်မှုနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ အပြန် အလှန်အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို နည်းပညာနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင် ရွက်သင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပထမအကြိမ် အာဆီယံ-ဂျပန် တရားရေး/ဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး ကို ဆက်လက်ကျင်းပရာ အာဆီယံ-ဂျပန် တရားရေး/ ဥပဒေရေးရာဝန်ကြီးများ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အာဆီယံ-ဂျပန် ဥပဒေရေးရာကိစ္စရပ်များအား ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအနေ ဖြင့် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဆောင်ရွက်မည့် ဥပဒေရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မြန်မာ နိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး (12th ASEAN Law Ministers Meeting-ALAWMM)နှင့် (၂၂)ကြိမ်မြောက် အာဆီယံ အဆင့်မြင့်ဥပဒေအရာရှိကြီးများ အစည်းအဝေး (22nd ASEAN Senior Law Officials Meeting-ASLOM)၌ အတည်ပြုခဲ့သဖြင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီး များ အစည်းအဝေးမတိုင်မီ ဆက်စပ်အစည်းအဝေး ဖြစ်သော (၂၄)ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး(24th ASEAN Senior Law Officials Meeting-ASLOM)ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ရာ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ များအကြား တရားမနှင့် ကုန်သွယ်ရေးတို့တွင် ဥပဒေ ဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးကိစ္စ၊ ပြစ်မှု ဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ်နှင့် စပ်လျဉ်း သည့်ကိစ္စ၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ အကြား ဥပဒေနှင့်တရားစီရင်ရေး ပူးပေါင်းဆောင် ရွက်မည့်ကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့သည့် ကုန်သွယ်ရေးဥပဒေ လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကိုလည်း မြန်မာ ကိုယ်စားလှယ်အဖွဲ့က တက်ရောက်ခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
ရက်
၄၀
သာ လိုတော့သည်။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူ များအနက် မိမိတို့ မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉၀၀ နာရီမှ ညနေ ၁၆၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် ( ၃ / ၂၀၂၅ ) သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးတို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် (၃/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ရွေးကောက်ပွဲကျင်းပရာတွင် လိုက်နာကျင့်သုံးရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထားပြီး အဆိုပါ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်ရန် လိုအပ်ကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ အပိုင်း (၁) စတင်ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲစနစ်အနေဖြင့် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional-MMP) ကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစနစ်နှင့် စပ်လျဉ်း၍ သင်တန်းတွင် စာတွေ့ လက်တွေ့ စနစ်တကျသင်ကြားပေးမည်ဖြစ်ကြောင်း။

မဲပေးသည့်စနစ်အနေဖြင့် မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM) များကို ကြိုတင်ဆန္ဒမဲများကလွဲ၍ အသုံးပြုပြီး လွယ်ကူရိုးရှင်းစွာ မဲပေးရမည်ဖြစ်ပါကြောင်း၊ မဲပေးစက်နှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများအား အသိပညာပေးခြင်း၊ လက်တွေ့ စမ်းသပ်မဲပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကို အပိုင်း ၃ ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မဲပေးစက်များကို ကြိုတင်စစ်ဆေးခြင်း၊ အပိုင်းလိုက် သယ်ယူပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို စနစ်တကျဖြစ်စေရေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

မဲဆန္ဒရှင်စာရင်းများ ပြည့်စုံစေရန်အတွက် ဒုတိယအကြိမ်နှင့် တတိယအကြိမ်တို့ကို ထပ်မံကပ်ထားပေးမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် ထည့်သွင်းရန် တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း၊ မဲစာရင်းများ ကပ်ထားရာတွင် စနစ်တကျဖြစ်စေရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မဲဆွယ်စည်းရုံးရေးနှင့်စပ်လျဉ်း၍ စနစ်တကျဖြစ်စေရန် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေးဆောင်ရွက်ကြရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရေး သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ကြရန်လိုပါကြောင်း။

မြို့နယ်များတွင် အများယုံကြည်လေးစားခြင်းခံရသော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့ဝင်များရှိပြီး မြို့နယ်ဦးစီးအရာရှိအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးအဖြစ်လည်း တာဝန်ရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံတစ်ခု၏ ဂုဏ်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီကျင့်စဉ်ကို အကောင်အထည်ဖော်ရာတွင် ရွေးကောက်ပွဲများကိုကျင်းပရမည်ဖြစ်ပြီး နိုင်ငံအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲများဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သင်တန်းသားအရာရှိများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသည့် သင်ခန်းစာများသည် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်၍ အလေးအနက်ထား လေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



❖ စာမျက်နှာ ၂၄ မှ

ယနေ့နံနက်ပိုင်းကစတင်ပြီး ဆောင်ရွက်ပေးပါတယ်။ သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်တွေကိုလည်းဖိတ်ပြီး ကြိုတင်မဲပေးတာကို ဆောင်ရွက်တာဖြစ်ပါတယ်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြောသည်။

တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးရာတွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းဝင်ခွင့် အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲ လက်မှတ်များထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုခန်းတွင် မိမိကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုမဲပေးကြသည်။ ထိုသို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနေမှုကို မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား ကျောင်းသူများအနက် ရွေးကောက်ပွဲ စတင်ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ ကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာထားသည်။

ခိုင်ထူး(ပြန်/ဆက်)

ကြီးမြန်သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ(MoU) များ လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ၁၀ စောင် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီးများ၊ အကောင်အထည်ဖော်မည့် ဌာနများမှ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ သံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မှတ်တမ်းမော်ကွန်းများကို ဒစ်ဂျစ်တယ်နည်းဖြင့် ထိန်းသိမ်းခြင်း မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို အမျိုးသား စီမံကိန်းဝန်ကြီးဌာန၊ အင်းလေးဒေသရှိ ငလျင်ဒဏ်သင့်တိုင်းရင်းသားများအတွက် အိမ်သုံးဆိုလာစနစ်များထောက်ပံ့ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာမြတ်မုနိဘုရားတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော အနုပညာလက်ရာများ အစားထိုးရေးဆွဲခြင်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံနို့စားကျွဲမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရှိ သမဝါယမ အသင်းသားတောင်သူများထံသို့ မှတ်ပုံတင်ထားပြီး အရည်အသွေးမြင့်မားသော ဝါနှင့်မတ်ပဲမျိုးစေ့များ ပံ့ပိုးခြင်းဖြင့် လယ်ယာကုန်ထုတ်စွမ်းအား မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ JCB အမျိုးအစား Breaker Gun ပါဝင်သော မြေတူးကော်တင်စက် (အသေး) တစ်စီးဝယ်ယူခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအတွက် ပုံစံမပျက်စစ်ဆေးသော စမ်းသပ်ကိရိယာများ ဝယ်ယူခြင်း စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ Offline အင်္ဂလိပ်ဘာသာစကားသင်တန်း တည်ထောင်ဖွင့်လှစ်ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်း ဝါနှင့် မတ်ပဲမျိုးများရရှိရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆိုလာစွမ်းအင်သုံးရေတင်ခြင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က လက်မှတ်ရေးထိုးကြပြီး အဆိုပါနားလည်မှုစာချွန်လွှာများတွင် အိန္ဒိယနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma က လက်မှတ်ရေးထိုးသည်။ (အောက်ဝဲပုံ)



စီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၈၉၇၃၅ ရှိပြီး စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များပါဝင်သည့် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးပူးတွဲကော်မတီများဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

QIP စီမံချက်များသည် နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အရ တတိယနှစ်မြောက် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုး ခွင့်ပြုပေးခြင်းဖြစ်သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ငါးခု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၁၀ ခု၊ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၁၀ ခုကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လာမည့်ဘဏ္ဍာနှစ်အလိုက် QIP စီမံချက်များကို ဆက်လက်ဆောင်ရွက်ရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်များ ဆွတ်ခူးရရှိသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆို

ရန်ကုန် နိုဝင်ဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ကျွန်း၌ နိုဝင်ဘာ ၁၁ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ ကျင်းပသည့် (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ မြန်မာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့မှ အုပ်ချုပ်သူနည်းပြသုံးဦးနှင့် အားကစားသမားလေးဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ကာ ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း(ယာပုံ)၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသားသင်တန်းသူများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

(၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် Men's Bodybuilding 75kg တွင် ရဲထွန်းနောင်က ပထမရွှေတံဆိပ်ဆု၊ Men's Bodybuilding 80kg တွင် ချမ်းမြေ့ထွန်းက ဒုတိယငွေတံဆိပ်ဆု၊ Women's Swimsuit Model Physique over 165 cm တွင် ဖူးဖူးသန့်က ဒုတိယငွေတံဆိပ်ဆု၊ Women's Model Physique up to 160 cm တွင် နီနီအောင်က တတိယကြေးတံဆိပ်ဆုနှင့် Women's Model Physique up to 170 cm တွင် ဖူးဖူးသန့်က တတိယကြေးတံဆိပ်ဆု စုစုပေါင်း ဆုတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့ကြခြင်းဖြစ်သည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် ၂၀၂၅ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

ထို့နောက် လူငယ်စစ်တုရင်ပြိုင်ပွဲ၊ အသက်(၅၅)နှစ်အထက် စစ်တုရင်ပြိုင်ပွဲနှင့် မျက်မမြင်စစ်တုရင်ပြိုင်ပွဲနှင့် တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိသူများကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။



ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သန်လျင်မြို့နယ် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ရှေ့၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး လူသွားစင်္ကြံ(ပလက်ဖောင်း) ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် သစ်ပင်များထိခိုက်မှုမရှိစေရေး၊ ကျောင်းရှေ့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)




# မြန်မာ့တူရိယာများ ၂၀၀ ကျပ်တန် (၆)လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်

နေပြည်တော် နိုဝင်ဘာ ၁၇

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာ့တူရိယာတစ်မျိုးချင်း အလိုက် ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ မြန်မာ့တူရိယာများ ၂၀၀ ကျပ်တန် (၆)လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက် (ကြာသပတေးနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉)သို့ တက်ရောက်ကြသည့် သင်တန်းသားများအား နှုတ်ဆက်အားပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၉)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး ၃ ပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကိုဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီ ဖြစ်သည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံလေ့ကျင့်ရေးကျောင်း၌ ပြုလုပ်သော ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲ၌ တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၃) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲတွင် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွန်း သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-





၁။ ကျွန်တော့်ကို နိုင်ငံတော်ကနေပြီးတော့ ဆင့်ခေါ်စာကျတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ချင်လို့ လာရောက်စစ်မှုထမ်းခြင်း ဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာ ဒီသင်တန်းမှာတော့ အချိန်မှန်တယ်။ စည်းကမ်းစနစ်တကျနဲ့ ကိုယ်ခန္ဓာကြံ့ခိုင်အောင်သင်ပေးတဲ့အတွက်ကြောင့် အပြင်ကနဲ့တော့ တော်တော်ကွာပါတယ်။ အပြင်မှာတော့ သိပ်ပြီး စည်းကမ်းစနစ် မကျဘူးပေါ့။ ဒီမှာတော့ အဖွဲ့အစည်းစိတ်ဓာတ်ရှိအောင် သင်ပေးတယ်။ စည်းကမ်းစနစ်တကျနဲ့ သေချာလေး သင်ကြားပေးပါတယ်။ ဒီသင်တန်း ပြီးသွားရင်တော့ ကျွန်တော် တာဝန်ကျတဲ့နေရာမှာ နိုင်ငံတော်ရဲ့လုံခြုံရေးကို ကာကွယ်ဖို့အတွက်ကို အစွမ်းကုန်ကြိုးစားသွားပါမယ်။ နှစ်နှစ်တာ တာဝန်ထမ်းဆောင်ပြီး သွားရင်တော့ နိုင်ငံတော်က စစ်မှုထမ်းဖို့ ပြန်လည်ပြီး လိုအပ်တယ်ဆိုရင်တော့ ပြန်လည်ပြီး စစ်မှုထမ်းဆောင်ဖို့အတွက် ဆုံးဖြတ်ထားပါတယ်။

၂။ ပြည်သူ့ စစ်မှုထမ်း သင်တန်းကို တက်ရောက်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်။ ပြည်သူ့စစ်မှုထမ်းဆိုတာ လူတိုင်းတက်ရမှာပဲလေ။ ဒီလိုမျိုး တက်ထားခြင်းအားဖြင့် တစ်ပါးနိုင်ငံကနေပြီးတော့ ကိုယ့်ကိုလာပြီး မကျူးကျော်ရဲပါဘူး။ ပညာသင်ကြားပေးမယ့် ဘာသာရပ်တွေကိုတော့ အကောင်းမွန်ဆုံးဖြစ်အောင် ကြိုးစားလေ့ကျင့်သွားမှာပါ။ လူတိုင်း လူတိုင်း စစ်ပညာတတ်ကျွမ်းဖို့ဆိုတာ မလွယ်ဘူးလေ။ အခြားနိုင်ငံတွေကလည်း ဒီလိုပဲ သင်နေကြတာ၊ ကိုယ့်နိုင်ငံမှာလည်း ဒါမျိုးဖြစ်လာတဲ့အတွက် အလွန်ဝမ်းသာပါတယ်။

သတင်းစဉ်





တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၆) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉) ဖွင့်ပွဲအခမ်းအနားတွင် နယ်မြေခံသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး အမှာစကားပြောကြားစဉ်။

# သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်လျက်ရှိသည်။




ထိုသို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းစစ်သည်များအနက်မှ သုံးပုံတစ်ပုံ လျှော့ပေါ့ခွင့်ရရှိသည့် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းပြီးသူများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ် ထုတ်ပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်း တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသည့် စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။(ဓာတ်ပုံ)

ထို့အပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများအား အလုပ်အကိုင်ရရှိရေး ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၄ ဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၂၅ ဦးအား ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ် ရဲတပ်ဖွဲ့ ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီး စိုးပိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၄၀ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၅၃၆ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၀၄ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မီးဘေးလုံခြုံရေးစစ်ဆေးခြင်း ဆောင်ရွက်



သရက် နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့ အမှတ် (၅)ရပ်ကွက်မဲရုံအား ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ ယနေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့သည်။

သရက်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ပြည်သူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သတိပေးနှိုးဆော်ခြင်းများ၊ ရပ်ကွက်များအလိုက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဓာတ်ပုံ)(ကဆ)

◆ စာမျက်နှာ ၂၄ မှ

ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် အမှတ်(၂၇)အဆန် ခေတ်မီလေအေးပေးစက်ပါ လေအိတ်ရထားသည် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၂၈)အစုန် ခေတ်မီလေအေးပေးစက်ပါ လေအိတ်ရထားသည် မန္တလေးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာပြီး နေပြည်တော်ဘူတာသို့ နံနက် ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

မန္တလေးမှ ရန်ကုန်သို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာမည့် အမှတ်(၈)အစုန် ခေတ်မီ DEMU ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ရန်ကုန်သို့ ညနေ ၅ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထို့အတူ ရန်ကုန်မှ နံနက် ၆ နာရီတွင် ထွက်ခွာမည့် အမှတ်(၃၁)အဆန် ခေတ်မီ DEMU ရထားဖြင့် လိုက်ပါလာသည့် ခရီးသည်များအနေဖြင့် မန္တလေးသို့ ဆက်လက်လိုက်ပါလိုပါက အထက်ပါ ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် ရထားတွင် ချိတ်ဆက်စီးနင်းနိုင်ကြောင်း သိရသည်။

နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ်ပြေးဆွဲမည့် လေအိတ်ရထားတွဲဆိုင်းတွင် ရိုးရိုးတန်းလေအိတ်လူစီးတွဲ နှစ်တွဲ၊ လေအေးပေးစက်ပါ အထက်တန်းလေအိတ် လူစီးတွဲ နှစ်တွဲနှင့် လေအိတ်ဘရိတ်တွဲတစ်တွဲ စုစုပေါင်း ငါးတွဲဖြင့် ခရီးသည် ၂၃၈ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ မန္တလေး-နေပြည်တော်၊ နေပြည်တော်-မန္တလေး ခရီးစဉ်အတွက် ရိုးရိုးတန်းငွေကျပ် ၁၅၀၀၀၊ အထက်တန်းငွေကျပ် ၂၀၀၀၀ ဖြစ်ပြီး လက်မှတ်များကို မိမိတို့သွားရောက်လိုသည့် ခရီးစဉ်များအတိုင်း ငါးရက်ကြိုတင်၍ တယ်လီဖုန်းဖြင့် ကြိုတင်မှာယူပြီး MMQR စနစ်ဖြင့် အွန်လိုင်းမှ ငွေပေးချေ၍လည်းကောင်း၊ သက်ဆိုင်ရာဘူတာများတွင် အထက်တန်းလက်မှတ်ကို သုံးရက်နှင့် ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍လည်းကောင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်-မန္တလေး ခရီးစဉ်တစ်လျှောက် တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည်နှင့် ကျောက်ဆည်ဘူတာလေးခု၌သာ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ခရီးစဉ်အစအဆုံး ပြေးဆွဲချိန် ၅ နာရီသာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၁၇

ယနေ့ နံနက် ၇ နာရီ ၃၄ မိနစ် ၂၆ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ တောင်ဘက် ၇၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(မတူပီမြို့၏ တောင်-အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၅၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၄၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။

# လူထုပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၇

**လူထုပါတီ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း (ခ) ပါစီပြည်ဟိန်း က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**
**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**



ကျွန်တော်ကတော့ ဦးမျိုးမင်းထွန်း (ခ) ပါစီပြည်ဟိန်းဖြစ်ပါတယ်။ လူထုပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ လူထုပါတီအနေနဲ့ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့ လူထုပါတီအနေနဲ့ ပြည်သူလူထုအတွက် တင်ပြပါကိစ္စရပ်တွေကို ဆောင်ရွက်ခွင့်ရချင်ပါတယ်။ နိုင်ငံတော်အတွင်း

ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး

စားဝတ်နေရေး

ကျန်းမာရေး

ပညာရေး

စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ခွင့်ရချင်ပါတယ်။

ကမ္ဘာ့နိုင်ငံတွေက ကွန်ပျူတာခေတ် Internet ခေတ်တွေကျော်လွန်ပြီး AI ခေတ်ကိုတောင် ရောက်နေပြီ။ စက်ရုပ်တွေ၊ မောင်းသူမဲ့ကားတွေ၊ ဒီဇယ်ဓာတ်ဆီကားတွေကနေ လျှပ်စစ်ကားတွေ၊ အာကာသခရီးသွားလုပ်ငန်းတွေ၊ အာကာသနယ်ပယ်သစ်ချဲ့ထွင်မှုတွေ အင်အားကြီးစစ်လက်နက်တွေ၊ လက်နက်ဆန်းတွေ အလုအယက်ဖန်တီးတည်ဆောက်နေကြတာ နေ့စဉ်နှင့်အမျှ ဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံကြီးတွေ၊ ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ တိုးတက်မှုတွေကိုကြည့်ရင် နိုင်ငံသားအချင်းချင်း မသင့်မြတ်မှု၊ လက်နက်စွဲကိုင် သူပုန်ထမှုတွေ ချုပ်ငြိမ်းပြီးမှ ရလာတဲ့အသီးအပွင့်တွေ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက ငြိမ်းချမ်းပြီး အေးချမ်းသာယာဖို့ အချိန်တန်ပါပြီ။ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပွားနေတဲ့ တိုင်းရင်းသားအချင်းချင်း မသင့်မြတ်မှု အခွန့်ရှည်နေမယ်ဆိုရင် တိုင်းပြည်နဲ့ ပြည်သူတို့ရဲ့ ဘဝများက ဘယ်တော့မှ တိုးတက်မှာမဟုတ်ပါဘူး။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ဆုပ်ထားတဲ့ လက်သီးတွေ ဖြည်လိုက်ကြပါ။ လက်သီးဆုပ်တွေကို ဖြည်မယ်ဆိုရင် ရင်ဘတ်ချင်းအပ် ပွင့်လင်းဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲ တိုင်းပြည်တည်ဆောက်လို့ မရပါဘူး။ တိုင်းရင်းသားညီအစ်ကို အချင်းချင်းမငြိမ်းချမ်းမှုကြောင့် တိုင်းပြည်လည်းနာ၊ ပြည်သူလည်း ဒုက္ခဝေဖြာခဲ့ကြရပါတယ်။ ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုသဘောတူစာချုပ်ဖြစ်တဲ့ NCA သာလျှင် တစ်ခုတည်းသော လမ်းကြောင်းဖြစ်ပါတယ်။ NCA လမ်းကြောင်းကနေ ငြိမ်းချမ်းရေးအသီးအပွင့်တွေ ဖူးထွက်စေချင်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား**

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တစ်မျိုးသားလုံးနီးပါး စာတတ်မြောက်ဖို့လိုပါတယ်။ အများအားဖြင့် ကျောင်းနေလို့ရတဲ့ အသက်အရွယ်အားလုံး ကျောင်းနေရပါမယ်။ လူငယ်တိုင်း စာတတ်မြောက်ရပါမယ်။ လူငယ်တွေ စာတတ်မြောက်ပါမှ ဗဟုသုတရှိမှာပါ။ အမှားအမှန်ကို ဝေဖန်နိုင်မှာဖြစ်ပါတယ်။ လူငယ်တွေ ပညာဆည်းပူးတဲ့အခါမှာ ပညာမသင်နိုင်လောက်အောင် အတားအဆီးဖြစ်နေတဲ့အရာတွေထဲမှာ ဒေသအလိုက် မငြိမ်းချမ်းမှု၊ အုပ်ချုပ်ရေး မတည်ငြိမ်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုတွေလည်း ပါဝင်ပါတယ်။ ယနေ့အခြေအနေအရဆိုရင် မငြိမ်းချမ်းမှုကြောင့် လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် စာမသင်ရတဲ့လူငယ်တွေ အများကြီးဖြစ်ပါတယ်။ လူငယ်တွေ ပညာသင်ယူနိုင်ဖို့ ငြိမ်းချမ်းရေးနှင့်လည်း အဓိကသက်ဆိုင်နေပါတယ်။ ဒုတိယအရေးကြီးတာက လူငယ်တွေ ပညာသင်ယူနိုင်ဖို့အတွက် စာပေသင်ယူနိုင်မှု အခွင့်အလမ်းတွေ လွယ်ကူရပါမယ်။ မိသားစုတိုင်း စီးပွားရေးပြေလည်အောင် ဆောင်ရွက်ရပါမယ်။ မိသားစုတိုင်း သားသမီးပညာရေးအတွက် ဦးစားပေးလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကကျောင်းတွေရဲ့ ကြီးမြင့်တဲ့စရိတ်စကတွေလည်း လျှော့ချပေးရပါမယ်။ အစိုးရကျောင်းတွေမှာ လူငယ်အားလုံး ပညာသင်ယူနိုင်အောင် ဆောင်ရွက်ရပါမယ်။ စာသင်ပေးမယ့် ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်းတွေ၊ အရည်အသွေးတွေကို မြှင့်တင်ရပါမယ်။ ရပ်ထဲရွာထဲ ကျော်စောမှုရှိတဲ့ ပညာတတ်များ၊ စာရေးဆရာများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို အစိုးရစာသင်ကျောင်းတွေမှာ အချိန်ပိုင်းစာသင်ကြားခြင်းများကို ဆောင်ရွက်ခွင့်ပေးရပါမယ်။ ပုဂ္ဂိုလ်ကိုးကွယ်မှု၊ အလွန်အကျွံလေးစားမှု၊ နိုင်ငံရေးဝါဒတစ်ခုခုကို အလွန်အမင်းယုံကြည်မှု၊ အကြမ်းဖက်လက်နက်စွဲကိုင်မှု၊ နိုင်ငံရေးဝါဒတစ်ခုအပေါ် မှားယွင်းစွာယုံကြည်မှု၊ တိုင်းပြည်ကာကွယ်ရေးအတွက်မဟုတ်ဘဲ လက်နက်ကိုင်သူပုန်ထမှုတွေဟာ အသိသုတ၊ ဗဟုသုတမရှိလို့သာ ဖြစ်ပါတယ်။ အသိသုတ၊ ဗဟုသုတရှိစေဖို့၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ဖို့ လူငယ်တွေ ငယ်စဉ်ကတည်းက ပညာဆည်းပူးရမှာဖြစ်ပါတယ်။ လူငယ်တွေကို စာသင်ကြားပေးတဲ့နေရာမှာ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ် ကိန်းအောင်းလာအောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဖော်ပြပါတာဝန်တွေကို ကျွန်တော်တို့ လူထုပါတီက ဆောင်ရွက်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ဟာ မြေသယံဇာတပေါကြွယ်ဝပြီး လယ်ယာစိုက်ပျိုးရေးကောင်းမွန်စွာ ပြုလုပ်နိုင်သော နိုင်ငံတော်ကြီးဖြစ်ပါတယ်။ လယ်ယာနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်အောင် နိုင်ငံတော်က ကမကထပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းသွားတဲ့ကာလမှာ ပစ္စည်းကိရိယာများရဲ့ ဈေးနှုန်းမြင့်မားမှု၊ လောင်စာဆီများ ဈေးနှုန်းမြင့်မားမှုတွေ ကြီးမားတဲ့ စိန်ခေါ်မှုတွေဖြစ်ပါတယ်။ လယ်ယာမြေလုပ်ငန်း လုပ်ကိုင်သူတွေကို နိုင်ငံတော်က ကူညီဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ငန်းအတွက် လိုအပ်တဲ့ စက်ယန္တရားတွေ၊ လောင်စာဆီတွေ၊ စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးရမှာ ဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများကို ပုဂ္ဂလိကများကို လုပ်ကိုင်ခွင့်မပေးဘဲ နိုင်ငံတော်အစိုးရကသာလျှင် ထိန်းချုပ်ပြီး ဆောင်ရွက်ပေးသင့်ပါတယ်။ လယ်ယာလုပ်ငန်းခွင်သုံး စက်ယန္တရားများ၊ လောင်စာဆီများ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ မျိုးစေ့များ၊ အခြားအထောက်အကူပြုပစ္စည်းတွေဟာ ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ လက်ဝါးကြီးအုပ်မှုများ၊ ဈေးကစားမှုများကြောင့် လယ်သမားများ အခက်ကြုံတွေ့နေရပါတယ်။ လယ်သမားများ လယ်ယာမြေ မစိုက်ပျိုးနိုင်ရင် နိုင်ငံတော်ရှိ ပြည်သူများအတွက် စားနပ်ရိက္ခာအကျပ်အတည်းနှင့် ရင်ဆိုင်ရပါလိမ့်မယ်။ လယ်ယာလုပ်ငန်းရှင်များနှင့်ပတ်သက်၍ အစိုးရမှ ပြန်လည်ကိုင်တွယ်သင့်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ရဲ့ လူဦးရေများပြားလာမှု၊ မြို့ရွာများ ချဲ့ထွင်လာမှုတွေဟာလည်း လယ်ယာမြေဆုံးရှုံးမှုတွေကို ဖြစ်ပေါ်လာစေပါတယ်။ မတော်လောဘဖြင့် စီးပွားရေးလုပ်ကိုင်သူများက လယ်ယာမြေများကို ဥပဒေမဲ့အကွက်ရိုက်ရောင်းချမှုများ၊ အခြားနည်းအသုံးပြုခွင့်မရှိဘဲ လယ်ယာမြေကို ဖျက်သိမ်း၍ အခြားလုပ်ငန်း ဆောင်ရွက်မှုများကြောင့် လယ်ယာမြေများ ဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါတယ်။ အစိုးရမှ ဥပဒေများ ထုတ်ပြန်အရေးယူဆောင်ရွက်လျက်ရှိသော်လည်း အချို့သော မတော်လောဘစီးပွားရေးသမားများက လိုက်နာမှုမရှိသည်ကို တွေ့ရပါတယ်။ ပြင်းထန်ထိရောက်သော ဥပဒေများ ရေးဆွဲ၍ လယ်ယာမြေများ ဆုံးရှုံးခြင်းကို ကာကွယ်သင့်ပါတယ်။ လယ်ယာမြေများအတွက် လူထုပါတီက ဆောင်ရွက်ခွင့်ရချင်ပါတယ်။



**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

ယနေ့လူငယ်တွေက နိုင်ငံတော်အတွင်းမှာမနေဘဲ အချို့သော နိုင်ငံတွေကို တရားမဝင်သွားရောက်နေတာကလည်း ကြီးမားတဲ့ ပြဿနာတစ်ခုဖြစ်ပါတယ်။ လူငယ်တွေ ပြည်တွင်းမှာနေဖို့အတွက် လုပ်သာကိုင်သာရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနိုင်ငံဖြစ်တဲ့အတွက် အလွယ်တကူ စိုက်ပျိုးနိုင်အောင်၊ မွေးမြူနိုင်အောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်မှာ ကျွန်တော်တို့ပါတီက သဘောကျအကြိုက်ဆုံးအရာ တစ်ခုရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်းတွေမှာ စိုက်ပျိုးမွေးမြူရေးကျောင်းတွေ တွဲဖွင့်ပေးတာပဲဖြစ်ပါတယ်။ အမြော်အမြင်ကြီးသောလုပ်ရပ်ဖြစ်ပါကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။ အရင်စနစ်က ပညာသင်နေတဲ့လူငယ်တွေဟာ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း မအောင်တော့ရင် ဘာလုပ်ရမှန်းမသိဖြစ်နေတတ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးကျောင်းတွေတွဲ၍ ဖွင့်ပေးထားခြင်းအားဖြင့် ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း အဆင့်မြင့်တန်းတွေ မဆည်းပူးနိုင်ရင်တောင်မှ စိုက်ပျိုးမွေးမြူရေးကို နားလည်ပြီး ၎င်းတို့တစ်ဦးချင်းရဲ့ စားဝတ်နေရေး၊ မိသားစုစားဝတ်နေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုလူတန်းစားတစ်ရပ် ထွက်ပေါ်လာမှာဖြစ်ပါတယ်။ ကျေးရွာတွေ/မြို့တွေမှာရှိတဲ့ လူငယ်တွေဟာ နိုင်ငံရပ်ခြားသွားစရာမလိုပါဘဲ မိမိတို့နိုင်ငံမှာပဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မွေးမြူရေးဇုန်၊ စိုက်ပျိုးရေးဇုန်များ မြို့နယ်တိုင်းမှာ ထူထောင်ပေးဖို့ လိုအပ်ပါတယ်။ ယင်းဇုန်များ ထူထောင်ရာတွင်လည်း စီးပွားရေးသမားများ လက်ဝါးကြီးအုပ်မှုမရှိစေရန် စနစ်တကျထိန်းကျောင်းပေးရပါမယ်။

ဖော်ပြပါတာဝန်များကို ကျွန်တော်တို့ လူထုပါတီက ထမ်းဆောင်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိဂုံးချုပ်အနေနဲ့ပြောရရင် ကျွန်တော်တို့လူထုပါတီကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မဲရုံကိုသွားပြီး မိမိကြိုက်ရာပါတီ၊ မိမိကြိုက်ရာ ကိုယ်စားလှယ်လောင်းကို မဲပေးလိုက်ပါ။ သင့်မဲတစ်ပြားဖြင့် တိုင်းပြည်တည်ဆောက်ပါ။ သင့်မဲဖြင့် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးကြောင်း ပြသလိုက်ပါ။ သင့်မဲဖြင့် ပြည်ထောင်စုရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ပါ။ သင့်မဲဖြင့် နိုင်ငံတော်သာယာဝပြောအောင်လုပ်ပါ။ သင့်ကြောင့် ရရှိပြီး လွတ်လပ်ရေးကို မဆုံးရှုံးပါစေနှင့်။ သင့်ကြောင့် နိုင်ငံတော်ကြီး ကမ္ဘာ့အလယ်မှာ အစွန့်ရှည်တည်တံ့ပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်သူ့ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးကိုကိုကြီး က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင်ရှင် အစစ်အမှန်ဖြစ်ကြတဲ့ မဲဆန္ဒရှင် ပြည်သူများ ခင်ဗျာ...

မဲဆန္ဒရှင် ပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ပါတီဟာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို အခြေခံပြီး နိုင်ငံရေးမျိုးဆက်အသီးသီးမှ ရဲဘော်များ၊ နယ်ပယ်အသီးသီးမှ တတ်သိကျွမ်းကျင်သူများကို စုစည်းတည်ထောင်ထားတဲ့ပါတီဖြစ်ပါတယ်။ မကြာမီဖြတ်သန်းကြရမယ့် ရွေးကောက်ပွဲဟာ သာမန်အခြေအနေတွေမှာ ကျင်းပရတဲ့ ရွေးကောက်ပွဲတွေနဲ့ မတူပါဘူး။ ဒါကြောင့်လည်း ရွေးကောက်ပွဲအလွန်မှာ ဘယ်လိုကိစ္စတွေကို ဦးစားပေး ဆောင်ရွက်ကြမလဲဆိုတာက အင်မတန်ကိုအရေးကြီးပါတယ်။

ကျွန်တော်တို့ ပြည်သူ့ပါတီအနေနဲ့ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေ စိုးမိုးရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်ပြန်လည်စုစည်း တည်ဆောက်ရေးတို့ကို အဓိကဦးစားပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးစားပေး အစီအစဉ်လို့ ပြောနေရပေမယ့် တစ်ခုပြီးမှတစ်ခု လုပ်ရမှာမျိုး မဟုတ်ဘဲ ရှိသမျှ အရင်းအမြစ်တွေကို စုစည်းပြီး အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့လည်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ဖို့ဆိုတာ အင်မတန်ကို ခက်ခဲပါတယ်။ ပဋိပက္ခပြင်းထန်တဲ့ကာလတွေမှာ အစွန်းတရားတွေ ကြီးထွားလေ့ရှိပေမယ့် နိုင်ငံတော်ပြန်လည်စုစည်း တည်ဆောက်ရေးအမြင်ကိုတော့ မျက်ခြည်မပြတ်ဖို့လိုပါတယ်။ ဒါကြောင့်လည်း အကြောင်းကြောင်းကြောင့် ကွဲကွာနေရတဲ့ မိသားစုတွေ ပြန်လည်ဆုံစည်းနိုင်ဖို့ ငြိမ်းချမ်းတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်လာကြစေဖို့ အဓိကဆောင်ရွက်သွားပါမယ်။ တိုက်ပွဲရှောင် နေရပ်စွန့်ခွာပြည်သူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်လည်အခြေချနိုင်ရေး၊ ပြန်လည်ထူထောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေး၊ ပညာရေး ကျန်းမာရေး လူမှုရေး ဝန်ဆောင်မှုတွေ ပြန်လည်ခံစား ရရှိနိုင်စေဖို့အတွက် မူဝါဒတစ်ရပ် ညှိနှိုင်းဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုတွေ အောင်မြင်ရရှိစေဖို့အတွက်လည်း ဆောင်ရွက်သွားပါ့မယ်။ ငြိမ်းချမ်းရေး ရရှိလာတာနဲ့အမျှ ပြည်သူ့စစ်မှုထမ်း ဥပဒေနဲ့ ပတ်သက်တဲ့ စိုးရိမ်သောကတွေကိုလည်း သက်သာစေမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်စေဖို့အတွက် စစ်ဆေးကြီးကြပ်ခြင်းများ ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ တကယ်တော့ လက်နက်ကိုင်ပဋိပက္ခရဲ့ အခြေခံဇာစ်မြစ်က တန်းတူညီမျှရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားတိုင်းတန်းတူညီမျှရေးကို ကြိုးပမ်းဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စကိုလည်း အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လာရင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဟာ ရာဇဝတ်မှုတွေ လျှော့ချနိုင်ဖို့အတွက် အခြေခံတစ်ခုဖြစ်ပါတယ်။ လူငယ်တွေကြားထဲမှာ မူးယစ်ဆေးဝါး ပျံ့နှံ့သုံးစွဲနေမှုဟာလည်း နိုင်ငံရဲ့ လူသားအရင်းအမြစ်တွေကို ထိခိုက်ပျက်စီးစေတာဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အလေးအနက်ထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဟာ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သလို ပြည်သူတွေရဲ့ နေ့စဉ်ဘဝလုံခြုံမှုအတွက်လည်း အင်မတန် အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးရေးလို့ပြောရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍဟာ အဓိကပါ။ နိုင်ငံ့ဝန်ထမ်းတွေအတွက် အခြေခံလူနေမှုစရိတ်နဲ့ လိုက်လျောညီထွေတဲ့ လုပ်ခလစာ အဆောင်အယောင်တွေ ရရှိခံစားနိုင်စေဖို့နဲ့ စွမ်းရည်ထက်မြက်ပြီး ကျစ်လျစ်တဲ့ ဝန်ထမ်းယန္တရား ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲအုပ်ချုပ်ရေးစနစ်ကိုလည်း ခေတ်နဲ့လျော်ညီတဲ့ E- Government အဆင့်အမြန်ဆုံးရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ တရားမျှတပြီး ခေတ်နဲ့လိုက်လျောညီထွေဖြစ်တဲ့ ဥပဒေတွေ ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်အမိန့်တွေကို စိစစ်သုံးသပ်ပြီး ပြင်ဆင်သင့်တာတွေ၊ ပယ်ဖျက်အစားထိုးသင့်တာတွေ၊ အသစ်ပြဋ္ဌာန်းသင့်တာတွေကိုလည်း အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ရင် လျှပ်စစ်နဲ့စွမ်းအင်ကဏ္ဍဟာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ လျှပ်စစ်မီးမှန်မှန်ရရှိစေဖို့ စွမ်းအင်ကဏ္ဍဖူလုံစေဖို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်တာနဲ့အညီ တောင်သူလယ်သမားများ ကြွေးမြီကင်းရှင်းစေရေး၊ စိုက်စရိတ်ချေးငွေများ၊ သီးနှံအာမခံစနစ်များ ခံစားရရှိနိုင်စေရေး၊ မျိုးစေ့မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်သုံးဆီ၊ စိုက်ပျိုးရေရရှိစေရေး၊ သီးနှံထွက်ကုန်များ လက်ဝါးကြီးအုပ်ဈေးကစားခြင်းမှ အကာအကွယ်ပေးရေး၊ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြင့်ကုန်စည်များထုတ်လုပ်နိုင်ရေးတို့ကို အားပေးထောက်ပံ့သွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့်အတူ မွေးမြူရေးနဲ့ ရေထွက်ပစ္စည်းလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် နည်းပညာ အရင်းအနှီးနဲ့ ဈေးကွက်အဆက်အသွယ်တွေကိုလည်း ရှာဖွေကူညီပေးသွားမှာ ဖြစ်ပါတယ်။ လယ်ယာသားငါးထွက်ကုန်များ၊ စက်မှုထွက်ကုန်များ ဈေးကွက်နဲ့ ချိတ်ဆက်နိုင်ဖို့အတွက် လိုအပ်တဲ့ ကုန်ထုတ်လမ်းကြောင်းများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ လမ်းကွန်ရက်များ အဆင့်မြှင့်ပြုပြင်တည်ဆောက်ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ လုံခြုံချောမွေ့စေခြင်းတို့ကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်လာစေဖို့အတွက် သက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဦးစားပေး ဖိတ်ခေါ်ခြင်း၊ ပြည်ပသွားရောက် အလုပ်လုပ်ကိုင်ကြမယ့် လူငယ်တွေအတွက် ဥပဒေအကာအကွယ် ရရှိခံစားနိုင်စေရေး၊ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေရရှိပြီး နိုင်ငံတော်အတွက် ကျွမ်းကျင်လုပ်သားအင်အားတွေ ပြန်လည်ရရှိနိုင်စေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အင်မတန်အရေးပါပါတယ်။ ဒါကြောင့် လမ်း၊ တံတားအဆောက်အအုံများ လူနေ အိမ်ရာများ၊ အိမ်ခြံမြေဈေးကွက် စနစ်တကျဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းအပါအဝင် ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မူဝါဒများ ညှိနှိုင်းရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နယ်ပယ်ကဏ္ဍအသီးသီးအတွက် ဖွံ့ဖြိုးရေးဘဏ်များ စနစ်တကျ တည်ထောင်ဖွံ့ဖြိုးလာစေဖို့ကိုလည်း ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်တဲ့ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်တိကျရေးနဲ့ နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ တိတိကျကျ သတ်မှတ်ဖော်ဆောင်နိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားပါမယ်။ ဒစ်ဂျစ်တယ် စီးပွားရေးစနစ်(digital economy) ပြုပြင်ပြောင်းလဲရေး မြန်ဆန်ထိရောက်စေဖို့ အားပေးဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ပြည်ပလုပ်ငန်းရှင်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် အဓိကအခက်အခဲဖြစ်နေတာ တစ်ခုကတော့ ဘဏ်တိုးနှုန်းပဲ ဖြစ်ပါတယ်။ အခွန်အကောက် ကောက်ယူတဲ့နေရာမှာလည်း ရိုးရှင်းပြီး သင့်တင့်မျှတတဲ့ အခွန်အကောက်စနစ်တွေဖြစ်ဖို့၊ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ကျယ်ပြန့်တဲ့ အခွန်ထမ်းစနစ်ဖြစ်ပေါ်စေဖို့ ကျွန်တော်တို့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကိုဗစ်ကပ်ရောဂါ ကာလကစပြီး ထိခိုက်ခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်သက်ဝင် အားကောင်းလာစေဖို့ စီးပွားရေးနှိုးဆွမှုအစီအမံများ (economic stimulus plan) ကိုလည်း ညှိနှိုင်း ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းများ ကြိုးနီစနစ်များကိုလည်း အတတ်နိုင်ဆုံး ပြုပြင်ဖြေလျှော့ခြင်း(deregulation) ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အသေးစား၊ အလတ်စားနဲ့ စွန့်ဦးတီထွင်လုပ်ငန်းတွေ အားကောင်းသန်မာလာစေဖို့နဲ့ ငွေကြေးဈေးကွက်နဲ့ လွယ်ကူစွာ ချိတ်ဆက်နိုင်စေဖို့၊ အများပိုင်ကုမ္ပဏီများ ပေါ်ပေါက်လာစေဖို့အတွက်တွေကိုလည်း အားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလို့ ပြောတဲ့နေရာမှာ နိုင်ငံသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးက အခြေခံအကျဆုံးပဲ ဖြစ်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့ နိုင်ငံသားတွေဖြစ်ဖို့၊ ဉာဏ်ရည် မြင့်မားတဲ့ နိုင်ငံသားတွေဖြစ်ဖို့ နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။

ပညာရေးစနစ်ကို နိုင်ငံသားတိုင်း အလယ်တန်းပညာအဆင့် အနိမ့်ဆုံးသင်ကြားတတ်မြောက်နိုင်စေဖို့နဲ့ အတွေးအခေါ် ဆင်ခြင်တုံတရားကို အားပေးတဲ့ ပညာရေးစနစ် ဖြစ်ထွန်းလာစေဖို့ ကြိုးပမ်းသွားပါ့မယ်။ ၂၀၂၅ ခုနှစ် ကုလသမဂ္ဂ လူဦးရေဌာန၏ ပျမ်းမျှတွက်ချက်မှုတွေအရ ကမ္ဘာလုံးဆိုင်ရာ မွေးဖွားချိန်မှစ၍ ပျမ်းမျှသက်တမ်း ( Life Expectancy at Birth ) မှာ ၇၃.၅ နှစ်ဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ ပျမ်းမျှသက်တမ်းကတော့ ၆၇.၃နှစ်ပဲရှိတဲ့ ၂၀၁ နိုင်ငံဖော်ပြတဲ့အထဲမှာ အဆင့် ၁၆၃ ကို ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အစားအသောက်၊ ဆေးဝါး၊ သောက်သုံးရေ အစရှိတဲ့ ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် အန္တရာယ်မကင်းတဲ့ ဓာတုဆေးဝါးတွေ ဆိုးဆေးတွေသုံးစွဲနေမှုတို့ကို တင်းတင်းကျပ်ကျပ် စိစစ်ထိန်းချုပ်သွားပါမယ်။ နေ့စဉ် ရှူရှိုက်နေရတဲ့ လေကောင်းလေသန့် ရရှိနိုင်ဖို့အတွက်လည်း လေထုညစ်ညမ်းမှု လျှော့ချရေးကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေကို အခြေခံပြီး အမျိုးသားယဉ်ကျေးမှု အခြေခံတွေကို လေးစားတန်ဖိုးထားတဲ့ နိုင်ငံတော် ပြန်လည်စုစည်းတည်ဆောက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော် ပြန်လည်စုစည်း တည်ဆောက်တဲ့နေရာမှာ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ ကမ္ဘာ့နိုင်ငံများနဲ့ ငြိမ်းချမ်းစွာ အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။




မဲဆန္ဒရှင်ပြည်သူများခင်ဗျာ......

ကျွန်တော်တို့ ပြည်သူ့ပါတီဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးအတွက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေကို အခြေခံတဲ့ နိုင်ငံတော်သစ် တည်ဆောက်နိုင်ဖို့ ခိုင်မာစွာ ကြိုးပမ်း ရပ်တည်နေတဲ့ ပါတီဖြစ်ပါတယ်။ အခုလို သာမန်မဟုတ်တဲ့အခြေအနေမျိုးမှာ ကျင်းပမယ့် ရွေးကောက်ပွဲဟာ သာမန်ရွေးကောက်ပွဲတွေထက် အရေးကြီးပါတယ်။ လက်ရှိပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ စားဝတ်နေရေး ပြဿနာတွေကို သက်သာပြေလည်နိုင်စေဖို့ လာမယ့် ၅ နှစ်တာကာလအတွက် နိုင်ငံတော်ကို ရွေးချယ်ကြရမှာဖြစ်ပါတယ်။ ပြည်သူအားလုံးကိုယ်စား ပြောရေးဆိုခွင့်ရရှိဖို့ ပြည်သူတွေရဲ့ ဆန္ဒမဲနဲ့ပြည်သူတွေကို အခြေပြုတဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ဖို့အတွက် အဝါရောင် နောက်ခံနဲ့ ပြည်သူ့ပါတီကို မဲပေးထောက်ခံကြဖို့ လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား.......

ပြည်သူ့ပါတီရဲ့ အမှတ်အသားတံဆိပ်ကတော့ အဝါရောင်နောက်ခံနဲ့ အလယ်က အနီရောင်အကန့်ပေါ်မှာ မီးရှူးတိုင်ကိုင်ဆောင်ထားတဲ့ပုံ ဖြစ်ပါတယ်။

"အမှောင်တိုက်ကို ဖြိုခွင်း အလင်းခေတ်ကိုရောက်ဖို့ အဝါရောင် ပြည်သူ့ပါတီကို မဲပေးစို့"

ပြည်သူအားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

### ပါတီ၏ သီချင်းစာသား
### အလင်းခေတ်သို့ဦးတည် ပြည်သူ့ပါတီ

("မဲပေးကြမည်ပြည်သူ့ပါတီ")
Cho:( မဲပေးကြရမည် ) ၃
( ပြည်သူ့ပါတီ )
Verse 1 : စပါးရွှေဝါ တောင်လိုပုံရမည်။
အမိနိုင်ငံသာယာငြိမ်းချမ်းမည်။
(နိုင်ငံရောင်ဝါ ပြန်ထိန် လင်းရမည်။)
ရွှေဝါရောင်အိပ်မက်သို့ဦးတည်။
အဝါ အဝါ အဝါ လာပါပြီ။
Cho:( မဲပေးကြရမည် ) ၃
( ပြည်သူ့ပါတီ)
Verse2 စိုးရိမ်သလား ပြောလိုက်စမ်းပါ။
နားမလည်ဘူးလား ပြောလိုက်စမ်းပါ။
ဆင်းရဲနွမ်းပါးလား ပြောလိုက်စမ်းပါ။
အိပ်မက်တွေ ပျောက်နေသလား ပြောလိုက်စမ်းပါ။
အားလုံးကိုယ်စားပြောပေးမယ့်သူ
အဝါ အဝါ အဝါ လာပါပြီ။
Cho:( မဲပေးကြရမည် ) ၃
(ပြည်သူ့ပါတီ)
Verse3 တရားမျှတခြင်း
လွတ်လပ်ခြင်းတွေ တန်းတူညီမျှခြင်းအတွက်
(မဲပေးကြရမည်)
အဝါ အဝါ အဝါရောင်
အဝါ အဝါ အဝါရောင် လာပြီ။
Verse 4 : မင်းကရော အဝါ သူကရော အဝါ
မင်းကလည်းအဝါ
ငါကလည်း အဝါ
အားလုံး အဝါ
မဲပေးကြပါမည်။
Cho :( မဲပေးကြရမည် ) ၃
(ပြည်သူ့ပါတီ)
Verse 2
Cho : ( မဲပေးကြရမည် ) ၃
(ပြည်သူ့ပါတီ)
Verse 3
Verse 4
( Cho : )( မဲပေးကြရမည် ) ၃
(ပြည်သူ့ပါတီ)
( Cho :) ( မဲပေးကြရမည် ) ၃
( ပြည်သူ့ပါတီ )

# ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှု (ရွှေပြည့်အောင်ပွဲ)အထိမ်းအမှတ် ပန်း ၅၀၀၀ ကပ်လှူ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှု (ရွှေပြည့်အောင်ပွဲ) အထိမ်းအမှတ် ပန်း ၅၀၀၀ ကပ်လှူခြင်းနှင့် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်းအခမ်းအနားကို ယနေ့ ညပိုင်းက ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဝတ်အသင်းများ၊ အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုပြီးနောက် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ဘုရားဖူးပြည်သူများနှင့်အတူ ဆီမီးများထွန်းညှိပူဇော်ခဲ့ကြရာ ဝတ်အသင်းများကလည်း ဝတ်ရွတ်ပူဇော်ကြသည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခြင်းကို ရှေးယခင်မင်းများအဆက်ဆက်ကပင် ကပ်လှူပူဇော်ခဲ့ကြပြီး တွေ့ရှိထားသော ကျောက်စာ၊ ခေါင်းလောင်းစာနှင့် မှတ်တမ်းများအရ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခဲ့သည်မှာ အေဒီ ၁၅၆၇ ခုနှစ် ယနေ့အထိ နှစ်ပေါင်း ၄၅၈ နှစ်အတွင်း (၁၀) ကြိမ်မြောက် ကပ်လှူပြီးစီးကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**


၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀









# မန္တလေးမြို့ရှိ ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းများကို ရှေးဟောင်းဗိသုကာဝင်အဖြစ် သတ်မှတ်နိုင်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်မည်


**မန္တလေး နိုဝင်ဘာ ၁၇**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)အနေဖြင့် မန္တလေးမြို့ ရပ်ကွက်များအတွင်းရှိ ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းများကို စာရင်းကောက်ယူထားပြီး ရှေးဟောင်းဗိသုကာဝင်အဖြစ် ထည့်သွင်းသတ်မှတ်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းဌာနတာဝန်ရှိသူက ပြောသည်။

၁၉၉၆ ခုနှစ်တွင် ယူနက်စကိုသို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ပဏာမတင်သွင်းခဲ့စဉ်က အထက်မြန်မာပြည်၊ မန္တလေးမြို့ရှိ ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းများဟူ၍ ခေါင်းစဉ်တစ်ခုအနေဖြင့် တင်ပြခဲ့ကြောင်း သိရသည်။

“မန္တလေးတိုင်းဒေသကြီးမှာ ရှေးဟောင်းဗိသုကာဝင်အဆောက်အအုံတွေက နှစ်စဉ်တိုးလာမယ့်အလားအလာရှိပါတယ်။ ရပ်ကွက်တွေထဲမှာရှိတဲ့ ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းတွေရဲ့ ဗိသုကာလက်ရာနဲ့ အနုပညာလက်ရာတွေကို အသေးစိတ်စာရင်းကောက်ယူနေပါတယ်။ ဒါတွေကို စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းနဲ့ ရေရှည်တည်တံ့ခိုင်မြဲအောင် အသိပညာပေးတဲ့အပိုင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

ရှေးဟောင်းဗယာဝင်အဖြစ် သတ်မှတ်သည့် အခြေခံစံနှုန်းမှာ နှစ် ၁၀၀ ပြည့်ရန် လိုအပ်ပြီး သမိုင်းတန်ဖိုးအရ ထင်ရှားမှု၊ ရှေးဟောင်းဗိသုကာလက်ရာများ ကြွင်းကျန်မှု၊ အနုပညာလက်ရာတန်ဖိုး စသည်ဖြင့် စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိမှ ရှေးဟောင်းဗယာဝင်အဖြစ် သတ်မှတ်ခြင်းဖြစ်ပြီး နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။



“နှစ် ၁၀၀ ပြည့်တိုင်း သတ်မှတ်တာမဟုတ်ပါဘူး။ သမိုင်းတန်ဖိုးအရ ဘယ်လောက်အထိ ထင်ရှားမှုရှိသလဲ။ အနုပညာလက်ရာတန်ဖိုး ဘယ်လောက်မြင့်သလဲ၊ ရှေးဟောင်းဗိသုကာလက်ရာ ဘယ်လောက်ကြွင်းကျန်မှုရှိသလဲ။ စတဲ့ စံသတ်မှတ်ချက်တွေ ပြည့်စုံတဲ့အဆောက်အအုံတွေကို ကျွမ်းကျင်ပညာရှင်များနဲ့ စစ်ဆေးပြီးမှ သတ်မှတ်တာပါ။ ဒီနှစ်မှာ မန္တလေးနဲ့ ပြင်ဦးလွင်က အဆောက်အအုံ ၆၄ ခုကို ရှေးဟောင်းဗယာဝင်အဖြစ် ထုတ်ပြန်ခဲ့ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တွင် ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းပေါင်း (၃၀)ရှိရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါက ရှေးဟောင်းဗယာဝင်အဖြစ် ထည့်သွင်းသတ်မှတ်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အသိပညာပေးမှုများကို မန္တလေး(ဌာနခွဲ)မှ ဆောင်ရွက်သွားမည်ဖြစ်၍ ရှေးဟောင်းဗယာဝင်အဆောက်အအုံများ ထပ်တိုးလာမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)(မန္တလေးနေ့စဉ်-၉)**

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# ကာလသားချက်

ကာလသားများချက်သည့် ဟင်းလျာကို ကာလသားချက်ဟု ခေါ်တွင်သည်။ ကာလသားဆိုသည်မှာ လူပျို၊ လူရွယ်၊ လူငယ်များကို သိမ်းကျုံးပေါင်းရုံးခေါ်ခြင်းဖြစ်ပြီး ၎င်းတို့သည် မီးဖိုချောင်၏ လုပ်ငန်းစဉ်များနှင့် ဆက်စပ်ပတ်သက်မှုနည်းပါးကာ ထမင်း၊ ဟင်းချက်ပြုတ်ခြင်းကို စိတ်ဝင်တစား လုပ်ကိုင်ကြလေ့မရှိဟု ဆိုရမည်ဖြစ်၏။ ကာလသားများသည် လတ်လျားလတ်လျားနှင့် သွားလာနေထိုင်လိုကြသူများဖြစ်ပြီး ထမင်းစားချိန်ရောက်မှသာ အိမ်ပြန်လာလေ့ရှိကြသူများပါသည်။ ကျွန်တော်လည်းတဲ့ဘဝက တော့ နံနက်စာနဲ့ ညစာ ပေါင်းစားရတာပဲဟူသော ခတ်ဆီ၊ ခတ်ဆံပြက်လုံးကို ကြားဖူးပါသည်။ ၎င်းသည် ကာလသားများ လူရည်လည်ခြင်းထက် တွေ့ကရာ လျှောက်လည်နေတတ်ကြပုံကို သောကွက်တစ်ခုအဖြစ် ပြက်လုံးထုတ်ထားခြင်းဖြစ်ပါသည်။ မီးဖိုချောင်နှင့် အလှမ်းကွာလှသော ကာလသားများက ဟင်းချက်ကြချိန်ရှိ၏။ ၎င်းမှာ ကာလသားများ စုဝေးကာ ပျော်ပွဲစား ထမင်း၊ ဟင်းချက်စားကြသည့်အချိန်ဖြစ်သော တန်ဆောင်မုန်းလပြည့်ညဖြစ်၏။ တန်ဆောင်မုန်းလပြည့်ညတွင် ကာလသားများသည် ကြက်သားရေကျိုဟင်းကို ချက်လေ့ရှိ၏။ ထိုသို့ ဟင်းချက်ရာတွင် ကာလသားများပီပီ ခရမ်းချဉ်သီးကို သုံး၊ လေးပိုင်းလောက်လှီးမည်။ ကြက်သွန်ကို ထူထူလှီးမည်။ နနွင်းနှင့် ငရုတ်သီးမှုန့် ထည့်မည်။ ပြီးလျှင် "ဒါပဲလား ဘာထည့်ရသေးလဲ"ဟု အချင်းချင်းမေးမည်။ မီးဖိုချောင်ကို တီးမိခေါက်မိသူက "ကြက်သွန်ဖြူနဲ့ ချင်း(ဂျင်း) ထည့်ရသေးတယ်ကွ"ဟုဆိုလျှင် ထောင်း၍ ထည့်မည်။ ပြီးလျှင် ရေထည့်ကာ အဖုံးအုပ်၍ မီးထိုးမည်။ အကယ်၍ ဘူးသီး အနေတော်တစ်လုံးလောက်ရလျှင် ဘူးသီးကို လှီးဖြတ် တုံးတစ်၍ ထည့်မည်။ ရေဆူလို့ပွက်လျှင် ဆားအပေါ့၊ အငန် မြည်း ဟင်းချိုမှုန့်ထည့်လိုက်ပါက ကြက်ကာလသားချက် ရပေပြီ။ စင်စစ်ကာလသားချက်ဟူသည် မီးဖိုချောင်နှင့်အကျွမ်းတဝင်မရှိသည့် လူပျို၊ လူရွယ်၊ လူငယ်များက စားကောင်းအောင်ချက်ထားသည့် ဟင်းလျာတစ်ခွက် ဖြစ်ပါသည်။ ကာလသားတို့ချက်သည့်ဟင်းလျာကို အနွတ္တသညာပြု၍ အိမ်ရှင်မများကပင် ကာလသားချက်ဟု နည်းယူကာ ချက်ကြသည်ကို တွေ့ရပါသည်။ ယနေ့ ထမင်းဆိုင်ကြီးများတွင် ကြက်ကာလသားချက်ဟုလည်းကောင်း၊ ကြက်သောက်ဆမ်းဟုလည်းကောင်း အမည်ပေးချက်ပြုတ်ရောင်းချနေကြသည်ကို တွေ့နိုင်ပါသည်။

ကောင်းပါပြီ။ ကာလသားချက်ဟူ၍ ရှိနေသည်ကို တွေ့ရပြီဆိုလျှင် မုဆိုးဖိုချက်၊ အဘိုးအိုကြီးချက်ဟူ၍ မရှိရာသလောဟု မေးခွန်းထုတ်ကြည့်နိုင်ပါသည်။ မုဆိုးဖိုချက်ဟူ၍ကား ဝေါဟာရတစ်ခုဖြင့် အမည်ပေးမှည့်ခေါ်ထားသည်ကို မတွေ့ရပါ။

**စင်စစ်တွင်မူကား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမှာ မိရိုးဖလာ အတတ်ပညာတစ်ခုဖြစ်ပါသည်။ အရသာလည်းရှိ၊ အာဟာရလည်း ဖြစ်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဝင်ငွေ၊ ထွက်ငွေ မျှတစေသည့် စီမံခန့်ခွဲမှုအတတ်ပညာမှာ မီးဖိုချောင်တွင် ရှိပါသည်။ မီးဖိုချောင်သည် အိမ်ရှင်မတို့၏ တက္ကသိုလ်ဟုပင် တင်စားခေါ်ဆိုထိုက်ပါသည်။ မီးဖိုချောင်ကို နိုင်နင်းလျှင် အိမ်တစ်အိမ်၏ စီးပွားရေးသည် တောင့်တင်းလာနိုင်ပါသည်။ စီးသည့်ရေ၊ ဆည်သည့် ကန်သင်းဟု ဆိုရိုးပြုကြသည်ကို ကြားဖူးပါသည်။**

သို့ရာတွင် ဇနီးဖြစ်သူမရှိတော့သည့်အခါ ကျန်ရစ်သူ ခင်ပွန်းသည်က မိမိဘာသာ မီးဖိုချောင် ဝင်ရ ထမင်း၊ ဟင်းချက်ပြုတ်ရသည်ကိုမူ ကိုယ်တွေ့ ကြုံဖူးပါသည်။ ကျွန်တော်သည် အာလူးဟင်းကို အမေချက်သလို ချက်ပေးဟုဆိုသဖြင့် ကလေးများကို ချက်ပေးခဲ့ရဖူးပါသည်။ သို့ရာတွင် သူတို့က ဟင်းကျက်၍ ထမင်းစားကြသောအခါ အဖေချက်တာက အမေချက်တာနဲ့လည်း မတူဘူးဟု ပြောကြပါသည်။ ကျွန်တော် ဘာမှမတတ်နိုင်။ ဟင်းလျာတစ်ခွက်တွင် အပေါ့၊ အငန် ချိန်ဆတတ်ရန်ပင် များစွာသော အတွေ့အကြုံများမှသာ ရရှိခဲ့ပါသည်ဟု ဆိုချင်သည်။ ကျွန်တော်သည် ဇနီးရှိစဉ်က အသားကို ရေဖြင့် သုံး၊ လေးကြိမ်မက ပြောင်စင်နေအောင် ရေဖြင့်ဆေးရာ "ဟာ မင်းကလည်း ရေအဲ့ဒီလိုဆေးရင် ဟင်းအချို ပေါ့သွားမှာပေါ့"ဟု ပြောပြခဲ့သည်ကိုလည်း ကြုံဖူးပါသည်။ မီးဖိုပေါ်မှာ ဟင်းအိုးတည်ထားပြီး စာဖတ်နေစဉ် စာထဲ စိတ်ဝင်စားသွားသဖြင့် တူးနံ့ရမှ သတိရကာ ဟင်းအိုးတူးရသည့်အကြိမ်မှာလည်း မနည်းပါ။ ဆူပွက်တတ်သောဟင်းအိုးကို အဖုံးပိတ်ထားမိသဖြင့် ဟင်းရည်တွေ ဝေကျသည်မှာလည်း ခဏခဏပါပဲ။ တစ်ပွက်ဆူလျှင် ကျက်သော ဟင်းရွက်ကို စိမ်ပြေနပြေ တည်ထားမိသဖြင့် ဟင်းရွက်များ အကျက်လွန်ကာ ငြီးစော်နံသည်ကိုလည်း မကြာခဏ ကြုံဖူးလှခဲ့ပြီဖြစ်သည်။ မီးဖိုချောင်သည် အိမ်ရှင်မတို့၏ ဉာဏ်ကွန့်မြူးရာ နေရာတစ်ခုဖြစ်ဖွယ်ရှိပါသည်။ ခင်ပွန်းသည်နှင့် သားသမီးများ မြိန်မြိန်ယှက်ယှက် စားသောက်နိုင်ရန် စီမံရသည်မှာ သူတို့၏ ဖန်တီးမှုအတတ်ပညာ ဖြစ်ပါသည်။

ကျွန်တော်သည် ဤနေရာတွင် အဘိုးအိုကြီးချက်ကိုလည်း ဖြည့်စွက်စဉ်းစားကြည့်မိပါ၏။ ငါးအိုးကပ်ချက်ရာတွင် ဗမာနံ့နံ့နှင့် တရုတ်နံ့နံ့ လွဲမှားခပ်မိသဖြင့် ငါးအိုးကပ်က တရုတ်နံ့နံ့ အနံ့ရကာ အဆင်မချောဘဲ ဖြစ်နေပုံမှာ အဘိုးမျက်စိမှုန်၍သာ ဖြစ်ပါလိမ့်မည်။ အဘိုးအိုကြီးပီပီ သေချာသော ဟင်းကို ချက်မည်ဆိုပါက ပဲကို ရေနိုင်နိုင်ထည့်၍ မီးအေးအေးဖြင့် ချက်သည်သာက အကောင်းဆုံးဖြစ်ပါသည်။ ပဲက နူးအိချင်တိုင်းနူးအိသွားပါစေ။ အဘိုးမှာ သွားတွေမစုံတော့သဖြင့် အဆင်ပြေပါလိမ့်မည်။ အဘိုးကြီးအိုထောင်းသော ငရုတ်သီးစိမ်းထောင်းက ဘိုးလို့ဘတ်လတ်ဖြစ်ကာ မညက်ဘဲရှိနေမှာကိုလည်း မြင်ယောင်ကြည့်နိုင်ပါသည်။ သို့ရာတွင် ကိုယ်ချက်သည့်ဟင်းလျာကို ကိုယ်မြိန်အောင် စားနိုင်မည်မှာကိုမူကား ယုံမှားသံသယမရှိပါ။

ကျွန်တော်သည် ထမင်း၊ ဟင်းချက်ပြုတ်ရခြင်းကို ဝါသနာပါသူတစ်ယောက်မဟုတ်ပါ။ ကျွန်တော်၏ဖခင် ရွာစားစိန်တင်ဟန်က သူ၏နာမည်ကျော်ဘိသိက်ဆရာ ဆားတောင်သောင်းဆောင်းပါးထဲ၌ မိန်းမပျင်းတွေချက်တဲ့ ဟင်းရှိတယ်။ အဲ့ဒါဘာလဲ ကြက်ဥကြော်ဟု ရေးသားခဲ့ပါသည်။ စင်စစ်တွင်မူကား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမှာ မိရိုးဖလာ အတတ်ပညာတစ်ခုဖြစ်ပါသည်။ အရသာလည်းရှိ၊ အာဟာရလည်း ဖြစ်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဝင်ငွေ၊ ထွက်ငွေ မျှတစေသည့် စီမံခန့်ခွဲမှုအတတ်ပညာမှာ မီးဖိုချောင်တွင် ရှိပါသည်။ မီးဖိုချောင်သည် အိမ်ရှင်မတို့၏ တက္ကသိုလ်ဟုပင် တင်စားခေါ်ဆိုထိုက်ပါသည်။ မီးဖိုချောင်ကို နိုင်နင်းလျှင် အိမ်တစ်အိမ်၏ စီးပွားရေးသည် တောင့်တင်းလာနိုင်ပါသည်။ စီးသည့်ရေ၊ ဆည်သည့်ကန်သင်းဟု ဆိုရိုးပြုကြသည်ကို ကြားဖူးပါသည်။ ကာလသားချက်သည် ပျော်ရွှင်ဖွယ်ကောင်းသော ဟင်းလျာ၊ မုဆိုးဖိုချက်က စိတ်ပျက်ရသည့်ဟင်းလျာဖြစ်ကာ အဘိုးအိုကြီးချက်သည့် ဟင်းလျာကမူကား တရားကျစရာ ကောင်းလိမ့်မည်။ မှန်ပါသည်။ အိမ်ရှင်မချက်သည့်ဟင်းလျာကသာ စားမြိန်ဖွယ်ရာ မဟုတ်ပါသလော။

**နေမျိုး**

---

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မောက်မယ် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်အေးမြင့်ခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက လူငယ်စကားဝိုင်း ကျင်းပရခြင်းမှာ လူငယ်များ ဗဟုသုတ‌ပိုင်းဖြိုးတိုးတက်စေရန်... 

ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ အချင်းချင်း အပြန်အလှန် ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အပြောစွမ်းရည်တိုးတက်စေရန်၊လူအများရှေ့၊ ပရိသတ်ရှေ့တွင် ရဲရင့်သွက်လက်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်ဘုန်းဝေဖြိုးက လှုပ်ရှားတက်ကြွ လူငယ်ဘဝ၊ မအိမ့်မှူးခင်က စည်းကမ်းရှိမှ ပြည်ရွာလှ၊ စိုင်းဇေယျာလင်းက သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊ နန်းယွန်းရွှေစင်ဖြိုးက ရိုင်းပင်းကူညီလိုစိတ်နှင့် နန်းဆုရတီလှိုင်က ငယ်စဉ်အခါ ပညာရှာ စသည့်ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးပြောကြားခဲ့ပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးပေးခဲ့သည်။

ထို့နောက် မြို့နယ်အားကစားမှူး ဦးစိုင်းအောင်ကျော်ကျော်က အားကစားပစ္စည်းများနှင့် မြို့နယ် (ပြန်/ဆက်)ဦးစီးအရာရှိ၊ အ·ထ·က(မောက်မယ်) ကျောင်းအုပ်ဆရာမကြီးတို့က ဦးဆောင်ဆွေးနွေးသူများအား ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာဗဟုသုတများတိုးပွားစေရန် ကယ်ဆယ်ရေးအတွေ့အကြုံဆွေးနွေးဖလှယ်၊ လုပ်အားရှင်များအား ဂုဏ်ပြု

**မန္တလေး နိုဝင်ဘာ ၁၇**

မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်း(ဗဟို)မန္တလေးအသင်းခွဲနှင့် Shenzhen Resuce Volunteer အဖွဲ့၊ Myanmar Blue Sky Resuce အဖွဲ့တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ ကယ်ဆယ်ရေး အတွေ့အကြုံ ဆွေးနွေးဖလှယ်ပွဲကို နိုဝင်ဘာ ၁၆ ရက်က ချမ်းအေးသာစံမြို့နယ်၊ကမ်းနားလမ်းရှိ ကြင်တော်ယန် တရုတ်ဗုဒ္ဓဘာသာ ဘုရားကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) မန္တလေးအသင်းခွဲဥက္ကဋ္ဌ ဦးကျော်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်နိုင်ငံမှ Shenzhen Resuce Volunteer အဖွဲ့ခေါင်းဆောင်က ကယ်ဆယ်ရေး အတွေ့အကြုံဖလှယ်ခြင်းဆိုင်ရာများကို သရုပ်ပြပုံစံများဖြင့် မျှဝေဟောပြောသည်။

ကယ်ဆယ်ရေးအတွေ့အကြုံဆွေးနွေးပွဲသို့ မန္တလေးမြို့မှ လူမှုကယ်ဆယ်ရေးအဖွဲ့များမှ သင်တန်းသား ၁၂၀ ဦး တက်ရောက်ခဲ့ကြပြီး ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ပြီး သင်တန်းဆရာများအား မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်း(မန္တလေး)အသင်းခွဲမှ ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၄၅)**



# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ကိုဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် AA အဖွဲ့ဝင်နှင့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ သံတွဲမြို့နယ်နှင့် ဂွမြို့နယ်တို့မှ AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် မအူပင်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ဇလွန်မြို့နယ်၊ ကြံခင်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ လက်ပစ်ဗုံး တစ်လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် နှစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ လက်ပစ်ဗုံးတစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာ သူ ၁၅ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ မိသားစုဝင်များကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း AA အဖွဲ့ဝင်များနှင့် PDF အဖွဲ့များမှ အလင်းဝင်ရောက်လာသူအား ချီးမြှင့်ငွေ ပေးအပ်စဉ်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-







၁။ AA မှာနေတဲ့အခါကျတော့ အိမ်နဲ့လည်း အဆက်အသွယ် မရဘူး။ ဖုန်းလည်းမပြောရဘူး။ ပြီးတော့ အစားအသောက်လည်း မကောင်းဘူး။ မကောင်းတဲ့ အခါကျတော့ မနေချင်ဘူး။ တစ်လလာလို့လည်း မမြင်ရ၊ တစ်နှစ်နေလို့လည်း မတွေ့ရတဲ့အခါ စိတ်ပျက်လာတယ်။ နေတာထိုင်တာ စားတာ သောက်တာတွေ ဘဝတွေက ကြမ်းတမ်းတယ်။ တစ်ခါတလေကျရင် ရွံ့တွေ၊ ဗွက်တွေမှာလည်း အိပ်ရတယ်။ နောက်ပြီး ခြင်တွေကိုက်တယ်။ အဲဒါနဲ့ မနေချင်တာနဲ့ နောက်ကို ပြန်ပြီးတော့ဆင်းတယ်။ ဆင်းတာနဲ့ သူတို့က ကျွန်တော့်ကို ဖမ်းတယ်။ ဖမ်းပြီးတော့ ချုပ်ထားတယ်။ ချုပ်ထားတော့ ကျွန်တော်လည်း အချုပ်ထဲမှာ မနေချင်ဘူး။ သူတို့လက်အောက်ထဲမှာ AA တွေအထဲမှာ မနေချင်ဘူး။ မနေချင်တာနဲ့ ကျွန်တော်က ဖောက်ပြီးတော့ ပြေးလာခဲ့တယ်။ ထမင်းတွေလည်း အသိုးတွေ။ တစ်ခါတလေကျရင် စားမရလို့ ပစ်လိုက်ရတယ်။ ငါးခြောက်ဆို တစ်ကောင်သုံးကောင်ပဲပါတယ်။ တစ်ခါတလေကျ ဘာမှမပါဘူး။ ဆားဖြူးပြီးတော့ စားရတယ်။ ကြာလာတော့ စိတ်ပျက်လာတယ်။ အဲဒီ အဖွဲ့အစည်းထဲမှာ မနေချင်တော့ဘူး။ အဲဒါနဲ့ ကျွန်တော်အလင်းဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။

၂။ ကျွန်တော် PDF ထဲဝင်ရောက်တာကျတော့ ကရင်ပြည်နယ်ကနေစပြီးတော့ ဝင်သွားတာပါ။ ကရင်ပြည်နယ်ကနေဝင်ပြီးတော့ ကျွန်တော် စစ်ကိုင်းကို သွားရပါတယ်။ ကျွန်တော်တို့ စစ်တိုက်တာကအစ သူတို့ဘက်ကနေပြီးတော့ လုပ်ဆောင်ချက်တွေလွဲတယ်။ ကျွန်တော်တို့ကို နိုင်ထက်စီးနင်းလုပ်တာတွေလည်း ပါတယ်။ နောက်အစားအသောက်ကအစ လူပါးဝပါတယ်။ အခုစစ်တိုက်တယ်ဆိုရင်လည်း ကျွန်တော်တို့ PDF တွေက ပထမစည်းမှာ စစ်တိုက်ရပါတယ်။ ကင်းစောင့်မယ်ဆိုရင်လည်း ကျွန်တော်တို့ PDF တွေကိုပဲ စောင့်ခိုင်းပါတယ်။ သူတို့ AA တွေကျတော့ မစောင့်ပါဘူး။ သူတို့ကနောက်မှာပဲ နေပါတယ်။ အကြောင်းရှိလို့ရှိရင် ကျွန်တော်တို့ စက်ပေါက်ပြီးတော့ ဒီမှာဒဏ်ရာရလို့ ဘာလို့ လှမ်းခေါ်လို့ရှိရင်လည်း မင်းတို့ ဘာမင်းတို့ဆုတ်လာခဲ့ ငါတို့တက်လို့မရဘူး အဲဒီလိုပြောပါတယ်။ မှန်တယ် အောက်မေ့လို့ ကျွန်တော်ဝင်ခဲ့မိတယ်။ ဒါပေမယ့် မှန်မှမမှန်တာ။ သူတို့ရဲ့လမ်းစဉ်က မမှန်တော့ ကျွန်တော်တို့က ဆုံးဖြတ်တယ်။ ကျွန်တော်တို့ ဒီ ၁၇ ယောက်ပြေးတယ်။ ဒီမှာ အလင်းလာဝင်ပြီဆိုလို့ရှိရင်လည်း ငါတို့နှစ်ယောက်ကလက်နက်ပါမှဖြစ်မယ်။ ကျန်တဲ့သူတွေကတော့ အချုပ်ထဲမှာ။ အချုပ်ဖောက်ပြေးကြပါတယ်။ အချုပ်ဖောက်ထွင်းပြီးတော့ အားလုံးကိုခေါ်လာပါတယ်။ ခေါ်လာတော့ ဒီရောက်တော့ ဘယ်ရောက်လို့ ရောက်နေမှန်းတောင် မသိဘူး။ မသိတော့ ဘယ်သူ့ကိုမှလည်း မဆက်သွယ်ရဲဘူး။ အဲဒီတော့ ကျွန်တော်တို့ကအမှန်အတိုင်း ပြောရရင် ယူနီဖောင်းတွေဝတ်ထားတဲ့ဟာမျိုးကိုပဲ ဆက်သွယ်ရဲပါတယ်။ အဲဒီတော့ အဲဒါမျိုးတွေတွေ့မှပဲ ပြောမယ် ဆိုပြီးတော့ ကျွန်တော်တို့ တောလမ်းအတိုင်းပဲ လျှောက်လာတယ်။ လျှောက်လာတော့ ကျွန်တော်တို့ကိုဆက်သွယ်ပေးတော့ ကျွန်တော်တို့ မြန်အောင် ခလရ (၅၁)မှာ အလင်းဝင်ခဲ့ပါတယ်။ အခုဒီမှာ ပြန်ရောက်တော့ ကျွန်တော်တို့ ဘဝမှာ ရေခဲရေ သောက်လိုက်ရတာတောင် တော်တော်အကောင်းဆုံးဖြစ်နေပါတယ်။ ကျွန်တော်တို့က မထင်ထားဘူးပေါ့နော်။ ကျွန်တော်တို့ကိုတွေ့တာနဲ့ ကျွန်တော်တို့ကို သတ်မယ်လို့ပဲ ထင်ထားတာ။ ဒါပေမယ့် ကျွန်တော်တို့ထင်သလို မဟုတ်ပါဘူး။ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ပဲ အားလုံးကကြိုဆိုကြပါတယ်။ စပြီး ကျွန်တော်တို့ကို လာခေါ်ကတည်းက ညီလေး မင်းတို့ ဘာမှမဖြစ်ဘူး။ အေးအေးဆေးဆေးနေ ညီလေး။ မင်းတို့အဆင်ပြေအောင်လုပ်ပေးမယ်။ အနီးစပ်ဆုံးနဲ့ အကောင်းမွန်ဆုံးဖြစ်အောင် အစ်ကိုကြီးတို့ လုပ်ပေးမယ်လို့ ပြောပါတယ်။ အားပေးစကား/ အားရှိစကားပဲ ကျွန်တော်တို့ကိုပြောပါတယ်။ ဒါတွေကို တွေ့ရတော့ ကျွန်တော်တို့အနေနဲ့ ဝမ်းလည်းဝမ်းသာတယ်။ ဂုဏ်လည်း ဂုဏ်ယူတယ်။ ကျွန်တော်တို့ထင်ထားတာနဲ့ တလွဲတွေဖြစ်နေတယ်။ ကျွန်တော်တို့နေရာ၊ ကျွန်တော်တို့ဒေသကိုလည်း ပြန်ပို့ပေးတော့မယ်ဆိုတာ သိလိုက်ရတယ်။ ကျွန်တော်တို့ မိဘတွေလည်းခေါ်လို့ရတယ်။ ကျွန်တော်တို့ နှစ်နဲ့ချီပြီးတော့ မမြင်ရ၊ မတွေ့ခဲ့ရတာကို အဆက်အသွယ်ရခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်ကြီးကိုလည်း ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အမှားကို ကျွန်တော်တို့သိပြီးတော့ အလင်းလာဝင်တယ်။ ဝင်တဲ့အချိန်မှာ ကျွန်တော်တို့မိဘတွေနဲ့ ပေးတွေ့တဲ့အချိန်မှာ ဝမ်းလည်း ဝမ်းသာတယ်။ ဒီလိုဆက်သွယ်ပေးတဲ့ တပ်မတော်ကိုရော ဆရာကြီးအကုန်လုံးကိုရော ကျွန်တော်တို့က အထူးပဲ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ **သတင်းစဉ်**

## လေဖိအားနည်း ရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် နိုဝင်ဘာ ၁၇

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းရိုးတန်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီ အတွင်း အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

# ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းနှင့် ရေကန်တည်ဆောက်ခြင်း လုပ်ငန်းကွင်းဆင်းစစ်ဆေး



**ပြင်ဦးလွင် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်းကြီးကျေးရွာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ရေကန်တည်ဆောက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက အင်းကြီးကျေးရွာတွင် စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းအရှည် ၈၀၀ ပေနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်းနှင့် ရေပန့်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ရေရှည် တည်တံ့အောင် ပိုင်းဝန်းထိမ်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

အင်းကြီးကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းအရှည်ပေ ၈၀၀၊ ဂါလန်၂၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၀သန်းဖြင့် ဩဂုတ်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ပြီးစီးဖြစ်သည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး၍ အင်းကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

**(အပေါ်ဝဲပုံ) (၀၄၀)**



# အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၇**

၂၀၂၅-၂၀၂၆ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့်၊ အလယ်တန်းဆင့်ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို ချမ်းအေးသာစံမြို့နယ်၊အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာမြင့်မိုရ်ခန်းမတွင် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ်၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝါဝါကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကျင်းပရာတွင် အခြေခံပညာမူလန်းဆင့် သင်တန်းသား ၄၅၇ ဦး၊ အခြေခံပညာအလယ်တန်းဆင့် သင်တန်းသား ၂၄၆ ဦး တက်ရောက်ခဲ့ကြသည်။ ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကာလကို နိုဝင်ဘာ ၁၄ ရက်မှ နိုဝင်ဘာလ ၁၆ရက်အထိ သုံးရက်ကျင်းပဆွေးနွေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးဆရာမကြီးထံမှ သိရသည်။

**(အပေါ်ပုံ)**

**ချမ်းမြေ့မောင်(ချမ်း/စံ)**

*-*-*-*-*

# ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၃၆၇ ဧက လျာထားစိုက်ပျိုး

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၃၆၇ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး တောင်သူများ နှမ်းသီးနှံစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြို့နယ်အတွင်း ဆီထွက်သီးနှံ နှမ်းကို ၁၁၃၆၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်၍ တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ တိုးတက်စေရေး၊ စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ ဒီဒေသမှာက ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ကွင်းပညာပေးဝန်ထမ်းတစ်ဦးက ပြောသည်။



တပ်ကုန်းမြို့နယ်တွင် နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ ဘက်စုံသီးနှံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးစသည့် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နှမ်းအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုဒေသမရွေးတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းပညာပေးဝန်ထမ်းတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ပရိတ္တဝါပန်းချီပြခန်းတွင် ပန်းချီကျော်ဇေယျ၏ TRABSPSRENT အမည်ဖြင့် ဒုတိယအကြိမ်တစ်ကိုယ်တော်ပန်းချီပြသ

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ အမှတ်(၁၀၈)ရှိ ပရိတ္တဝါပန်းချီပြခန်းတွင် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပန်းချီကျော်ဇေယျ၏ TRA-BSPSRENT အမည်ဖြင့် ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲကို ဖွင့်လှစ်ပြသခဲ့သည်။

ပန်းချီပြပွဲတွင် ပန်းချီကျော်ဇေယျ၏ လက်ရာရေဆေးပန်းချီကားပေါင်း ၄၀ အား ခင်းကျင်းပြသခဲ့ပြီး ပြပွဲအား နိုဝင်ဘာ ၁၅ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီချစ်မြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၇၀)**

# တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေး၊ သစ်တောထိန်းသိမ်းရေး (ခရိုင်အဆင့်) အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

**မူဆယ် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်တွင် တောမီးကာကွယ်ရေး၊မီးခိုးမြူငွေ့လျှော့ချရေး၊သစ်တောထိန်းသိမ်းရေး(ခရိုင်အဆင့်)အသိပညာပေးဟောပြောပွဲကို မူဆယ်မြို့၊အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ နံနက် ၁၀ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးလွှမ်းမိုးအောင်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်လာရခြင်းအကြောင်း၊ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဦးက မီးခိုးမြူငွေ့ဖြစ်ပေါ်လာခြင်းမှလျှော့ချစေရန်၊ မြေဆီလွှာပျက်စီးမှုကို လျှော့ချနိုင်ရန်၊ ဓာတုဓာတ်မြေသြဇာများအသုံးပြုမှုကို ထိန်းချုပ်နိုင်ရန်၊ အပင်၏အမြစ်များကို မြေသားအတွင်း ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူပြုစေရန်နှင့် စိုက်ပျိုးရေးတွင် အဓိကအသုံးပြုရမည့် မြေသြဇာအီးအမ်ဘိုကာရှိ ထုတ်လုပ်မှုကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က မီးခိုးမြူငွေ့အဓိပ္ပာယ်နှင့် မီးခိုးဖြစ်ပေါ်လာပုံ၊မီးခိုးမြူငွေ့အမျိုးအစားများနှင့် ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ သစ်တောဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမိုးဟိန်းက မြန်မာနိုင်ငံတွင် တွေ့ရှိရသော သစ်တောအမျိုးအစားများ၊ သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော သစ်တောသစ်ပင်ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ သစ်ပင်ပျိုးပင်များ ဖြန့်ဝေပေးမှုအခြေအနေ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများစသည့် အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ကျောင်းသူများနှင့် မေးခွန်းများ အပြန်အလှန် မေးမြန်းဖြေကြားပြီး မီးခိုးမြူငွေ့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*






## နော်ဝေလက်ရွေးစင်အသင်း ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်

**လန်ဒန် နိုဝင်ဘာ ၁၇**

နော်ဝေလက်ရွေးစင်အသင်း ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ အောင်မြင်နိုင်ခဲ့ပြီဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ်အဖြစ် နော်ဝေလက်ရွေးစင်အသင်းသည် အီတလီလက်ရွေးစင်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

နော်ဝေလက်ရွေးစင်အသင်းသည် ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ပထမဆုံး အကြိမ်ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။



၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲအား ၂၀၂၆ခုနှစ် ဇွန်၊ ဇူလိုင်လများတွင် ကျင်းပသွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## မက်တီကာကယ်လ်ဒါရာသည် ဘောလုံးကစားသမားဘဝမှ အနားယူ

**တူရင် နိုဝင်ဘာ ၁၇**

အေစီမီလန်အသင်း နောက်ခံကစားသမားဟောင်း မက်တီကာကယ်လ်ဒါရာသည် ဘောလုံးကစားသမားဘဝမှ အနားယူခဲ့ပြီဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် အေစီမီလန်၊ အတ္တလန်တာ၊ ဗင်နီဇီယာ၊ စပီဇီယာ၊ မိုဒီနာ စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ မက်တီကာကယ်လ်ဒါရာက



"ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဒဏ်ရာပြဿနာတွေနဲ့ ဆက်တိုက် ရင်ဆိုင်နေရခြင်းကြောင့် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့တာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦး တစ်ယောက်ချင်းစီတိုင်းကို အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

**(အပေါ်ပုံ)**

**(NGB)**

**0-0-0-0-0-0-0**

## ဂါဘရီယဲလ်သည် ပေါင်ခြံဒဏ်ရာကြောင့် နှစ်လခန့်အနားယူရဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၁၇**

အာဆင်နယ်အသင်းနှင့် ဘရာဇီးအသင်း နောက်ခံကစားသမား ဂါဘရီယဲလ်သည် ပေါင်ခြံဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ နောက်ခံကစားသမားသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ဘရာဇီးအသင်းက ဆီနီဂေါအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား



ဂါဘရီယဲလ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘရာဇီးအသင်းအတွက်သာမက အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဂါဘရီယဲလ်သည် ဘရာဇီးအသင်းနှင့်အတူ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲ လေးပွဲကစားထားသလို၊ အာဆင်နယ်အသင်းနှင့်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၇ပွဲကစားကာ နှစ်ဂိုးသွင်းယူထားသည်။

**(ဝဲပုံ)**

**(NGB)**

## 2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး

**တူရင် နိုဝင်ဘာ ၁၇**

အီတလီနိုင်ငံ၊ တူရင်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အိမ်ရှင်အီတလီတင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

အဆိုပါ အိမ်ရှင်အီတလီ တင်းနစ်ကစားသမား Jannik Sinner သည် 2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz ကို ၇-၆၊ ၇-၅ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Jannik Sinner က "ကျွန်တော် အခုလို 2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံ့အတွက် ဂုဏ်ဆောင်နိုင်အောင် ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**




### ဘောလုံးသတင်းအတိုအထွာများ

* ၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အစ္စရေးအသင်းနှင့် မော်လ်ဒိုဗာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အစ္စရေးအသင်းက မော်လ်ဒိုဗာအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

* ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား အလာဘာသည် အသင်းနှင့် စာချုပ်သက်တမ်းအပြီးတွင် အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။

**(NGB)**

### ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာရှဇုန်)(ပဉ္စမအဆင့် )ဗိုလ်လုပွဲ (ဒု-ကျော့) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|
| ၁၈-၁၁-၂၀၂၅ အင်္ဂါနေ့ | ည ၁၀း၃၀ နာရီ | အီရတ် - ယူအေအီး | ယူအေအီး ၁-၁ အီရတ် |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၈-၁၁-၂၀၂၅ အင်္ဂါနေ့ | ညနေ ၄း၄၅ နာရီ | ဂျပန် - ဘိုလီးဗီးယား |
| ။ | ညနေ ၅း၃၀ နာရီ | တောင်ကိုရီးယား - ဂါနာ |
| ။ | ည ၇း၃၀ နာရီ | အိုမန် - အိုင်ဗရီကို့စ် |
| ။ | ည ၁၁း၀၀ နာရီ | ဆော်ဒီအာရေဗျ - အယ်လ်ဂျီးရီးယား |
| ။ | ည ၁၁း၃၀ နာရီ | ချီလီ - ပီရူး |
| ။ | ။ | ဆိုက်ပရပ်စ် - အက်စ်တိုးနီးယား |
| ။ | ။ | ဖာရိုးကျွန်းစုများ - ကာဇက်စတန် |
| ၁၉-၁၁-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁း၀၀ နာရီ | ဂျော်ဒန် - မာလီ |
| ။ | နံနက် ၀၂း၀၀ နာရီ | ဘရာဇီး - တူနီးရှား |
| ။ | နံနက် ၀၃း၃၀ နာရီ | ကနေဒါ - ဗင်နီဇွဲလား |
| ။ | နံနက် ၀၆း၃၀ နာရီ | ကိုလံဘီယာ - ဩစတြေးလျ |
| ။ | ။ | အမေရိကန် - ဥရုဂွေး |
| ။ | နံနက် ၀၈း၀၀ နာရီ | အီကွေဒေါ - နယူးဇီလန် |
| ။ | ။ | မက္ကဆီကို - ပါရာဂွေး |

### အာရှဖလားခြေစစ်ပွဲ - (တတိယအဆင့်) အုပ်စုအလိုက် ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၈-၁၁-၂၀၂၅ အင်္ဂါနေ့ | မွန်းလွဲ ၀၁း၀၀ နာရီ | A | တီမော - တာဂျီကစ္စတန် | တာဂျီကစ္စတန် ၁-၀ တီမော |
| ။ | ညနေ ၃း၃၀ နာရီ | E | ပါကစ္စတန် - ဆီးရီးယား | ဆီးရီးယား ၂-၀ ပါကစ္စတန် |
| ။ | ညနေ ၄း၃၀ နာရီ | E | အာဖဂန်နစ္စတန် - မြန်မာ | မြန်မာ ၂-၁ အာဖဂန်နစ္စတန် |
| ။ | ညနေ ၄း၄၅ နာရီ | D | သီရိလင်္ကာ - ထိုင်း | ထိုင်း ၁-၀ သီရိလင်္ကာ |
| ။ | ညနေ ၅း၀၀ နာရီ | A | မော်လ်ဒိုက်စ် - ဖိလစ်ပိုင် | ဖိလစ်ပိုင် ၄-၁ မော်လ်ဒိုက်စ် |
| ။ | ညနေ ၆း၃၀ နာရီ | C | ဟောင်ကောင် - စင်ကာပူ | စင်ကာပူ ၀-၀ ဟောင်ကောင် |
| ။ | ညနေ ၆း၄၅ နာရီ | B | ဘရူနိုင်း - လက်ဘနွန် | လက်ဘနွန် ၅-၀ ဘရူနိုင်း |
| ။ | ည ၇း၃၀ နာရီ | F | နီပေါ - မလေးရှား | မလေးရှား ၂-၀ နီပေါ |
| ။ | ည ၈း၁၅ နာရီ | D | တာမင်နစ္စတန် - တရုတ်တိုင်ပေ | တရုတ်တိုင်ပေ ၁-၂ တာမင်နစ္စတန် |
| ။ | ည ၈း၃၀ နာရီ | C | ဘင်္ဂလားဒေ့ရှ် - အိန္ဒိယ | အိန္ဒိယ ၀-၀ ဘင်္ဂလားဒေ့ရှ် |
| ။ | ည ၉း၀၀ နာရီ | B | ယီမင် - ဘူတန် | ဘူတန် ၀-၀ ယီမင် |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ - (အုပ်စုအဆင့်) ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၉-၁၁-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၂း၁၅နာရီ | H | ဩစတြီးယား - ဘော့စနီးယား | ဘော့စနီးယား ၁-၂ ဩစတြီးယား |
| ။ | ။ | C | ဘီလာရုစ် - ဂရိ | ဂရိ ၅-၁ ဘီလာရုစ် |
| ။ | ။ | J | ဘယ်လ်ဂျီယံ - လက်ချီစတိန်း | လက်ချီစတိန်း ၀-၆ ဘယ်လ်ဂျီယံ |
| ။ | ။ | E | ဘူလ်ဂေးရီးယား - ဂျော်ဂျီယာ | ဂျော်ဂျီယာ ၃-၀ ဘူလ်ဂေးရီးယား |
| ။ | ။ | B | ကိုဆိုဗို - ဆွစ်ဇာလန် | ဆွစ်ဇာလန် ၄-၀ ကိုဆိုဗို |
| ။ | ။ | H | ရိုမေးနီးယား - ဆန်မာရီနို | ဆန်မာရီနို ၁-၅ ရိုမေးနီးယား |
| ။ | ။ | C | စကော့တလန် - ဒိန်းမတ် | ဒိန်းမတ် ၀-၀ စကော့တလန် |
| ။ | ။ | E | စပိန် - တူရကီ | တူရကီ ၀-၆ စပိန် |
| ။ | ။ | B | ဆွီဒင် - ဆလိုဗေးနီးယား | ဆလိုဗေးနီးယား ၂-၂ ဆွီဒင် |
| ။ | ။ | J | ဝေးလ်စ် - မြောက်မက်ဆီဒိုးနီးယား | မြောက်မက်ဆီဒိုးနီးယား ၁-၁ ဝေးလ်စ် |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၃၄)၊ ဦးပိုင်အမှတ်(၁၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ မြေကွက်မှာ ဗိုလ်မှူးကြီး တင်မော်ထွန်း(ဘ)ဦးမောင်မောင်(၁၀/ရမန(နိုင်)၁၇၁၄၇၈)အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးညွန့်နိုင်ဦး(ဘ)ဦးအိုက်ရီ(၁၃/လရန(နိုင်)၁၈၇၃၂၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc, PGDL |

**အထက်တန်းရှေ့နေများ**

**၅၃ လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၇)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဦးဆယ်တင် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း၊ ပေ(၂၀× ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (ရေ+မီး)အစုံ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြု ဒေါ်ကြည်ဖြူ(ခ)ဖူးအိမွန်(ဘ)ဦးမိဟွ(ခ)စိန်ချမ်း(၁/မညန(ဧည့်)၀၀၀၆၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းခိုင်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းခိုင်၏ လွှဲအပ်ချက်အရ–**

**ဒေါ်ဝေဝေအောင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဖဖ-၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၄၅၁၀၁၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၆၆ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြား၊ ရတနာတိုင်းပြည်တိုက်ခန်းအမှတ်(B)၊ အခန်းအမှတ်(B-5)နေ ဒေါ်ရွှေစင်(၉/မရမ(နိုင်)၀၈၄၅၇၁)၏သား မောင်ဇင်လှိုင်ဖြိုး(ခ)ဖိုးသား(၉/ခအဇ(နိုင်)၀၃၄၆၃၀)သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(မိခင်)ဒေါ်ရွှေစင်**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်အမှတ်(၁၅)၊ ၇၄ လမ်း၊ ၁၁၉ လမ်းနှင့် ၁၂၀ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးအုန်း၏ (SPရရှိသူ ဒေါ်တုန်ရီ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၇၇၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးခွမ်ထီစီ(၁၃/သနန(နိုင်)၀၂၃၇၂၆)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၄၆၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၆)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၈(စီ)လမ်း၊ ၁၁၅ လမ်းနှင့် ၁၁၆ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်မောင်၏ (SPရရှိသူ ဒေါ်နန်းလှဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၉၁၀/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းအေးလှ(ခ)ဝါဝါ(၁၃/သပန(နိုင်)၀၃၀၅၂၆)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၄၇၉/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အကွက်အမှတ်(၅၉၇)၊ ဦးပိုင်အမှတ်(၅၈)၊စစ်ကိုင်း-မန္တလေးကားလမ်းဘေးရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တုတ်ထံမှ အပေးစာချုပ်အမှတ်(၆/၂၀၀၈)ဖြင့် လက်ခံခဲ့သူ ဒေါ်ကောင်းရှိန်(၉/အမရ(နိုင်)၀၅၉၈၅၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၄၅၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## Golden City Co.,Ltd ၏ ပိုင်ရှင် - ကန်ထရိုက်တာများဖြစ်ကြသည့် ဦးဇော်မြင့်ထွန်း ၊ ဦးမြင့်စိုး တို့ အပါအဝင် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့ မြို့သစ် (၄)ရပ်၊ (ဓ-၃/၆) ၊ အနောက်ဘက်ခြမ်းနေ (ဘ) ဦးမောင်ကလေး ၏ သမီး ဒေါ်ကြူကြူဝင်း ၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်၊ အကွက်(ဓ-၃)၊ ဦးပိုင်(၆)၏ အနောက်ဘက်ခြမ်း၊ (၂၀×၆၀)ပေရှိ ဒေါ်ကြူကြူဝင်း ဝယ်ယူလက်ရှိထား နေထိုင်ပိုင်ဆိုင်သည့် ဂရန်မြေပေါ်တွင် အာရ်စီ (၆)ထပ်ခွဲ တိုက်အသစ် (၁)လုံး ဆောက်လုပ်ရန် Golden City Co.,Ltd ၏ ပိုင်ရှင်-ကန်ထရိုက်တာများ ဖြစ်ကြသည့် **ဦးဇော်မြင့်ထွန်း** [၁၂/မဂတ (နိုင်) ၀၈၀၇၉၄]၊ **ဦးမြင့်စိုး** [၉/အမရ (နိုင်) ၁၀၄၁၃၈] တို့နှင့် မြေပိုင်ရှင် ဒေါ်ကြူကြူဝင်း [၉/မရတ (နိုင်) ၀၆၇၀၄၆] သည် (၂၃- ၁၁ -၂၀၂၂)ရက်စွဲပါ ကတိစာချုပ်ဖြင့် သဘောတူညီ ခဲ့ကြရာ **တစ်နှစ်တိတိ ပြည့်မြောက်သည့်နေ့တွင် အချောသတ် ပြီးစီးအောင် ကန်ထရိုက်တာများ မှ ဆောင်ရွက်ပေးပြီး မြေပိုင်ရှင် လက်ဝယ်သို့ မပျက်မကွက် အပ်နှံပေးရန် သဘောတူညီခဲ့ကြသော်လည်း** သတ်မှတ်ကာလအတွင်း ပြီးစီးမှုမရှိသောကြောင့် (၂၉-၁-၂၀၂၄) ရက်နေ့တွင် ကတိစာချုပ်အဆက် စာချုပ်ကို ထပ်မံချုပ်ဆို၍ (၃၁-၈-၂၀၂၄) **ရက်နေ့တွင် အဆောက်အဦးတစ်ခုလုံးကို လုံးဝပြီးစီးပြီး နေထိုင်ခွင့် အမိန့်နှင့်အတူ မြေပိုင်ရှင်သို့ (မပျက်မကွက်) အခန်းပေးအပ်မည် ဖြစ်ကြောင်း ကန်ထရိုက်တာများ မှ ကတိပြုခဲ့ကြပါသည်။**

သို့သော် ယင်းသို့ တိုးမြှင့်သတ်မှတ်သည့်ကာလတွင်လည်း ကန်ထရိုက်တာများက (၄)ထပ်ခွဲ တိုင်ထု စလစ်လောင်း အဆင့်တွင်ပင် ဆောက်လုပ်မှု ရပ်ဆိုင်းထားသဖြင့် (၁၇-၁၀-၂၀၂၄) ရက်နေ့တွင် မြေပိုင်ရှင် ဒေါ်ကြူကြူဝင်း က ကန်ထရိုက်တာများ၏ ကုမ္ပဏီရုံးခန်းသို့ သွားရောက်၍ ဆက်လက်ဆောက်လုပ်ရန် ပြောကြား ခဲ့သော်လည်း ၎င်းတို့က အလုပ်ဆက်မလုပ်နိုင်ကြောင်း ၊ မဆောက်လုပ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းသို့ ဆောက်လုပ်မှု ရပ်ဆိုင်းထားသည့် အဆောက်အဦးမှာ (၂၈-၃-၂၀၂၅) ရက်နေ့ အင်အားပြင်းငလျင်ကြီး လှုပ်ခတ်သည့်အခါတွင် လူနေထိုင်ရန်မသင့်သော အန္တရာယ်ရှိသည့် အခြေအနေဖြစ်ပေါ်လာ၍ မြေပိုင်ရှင် ဒေါ်ကြူကြူဝင်း က ကန်ထရိုက်တာများ အား အကြိမ်ကြိမ် သွားရောက်ဆက်သွယ်ပြောကြားခဲ့သော်လည်း ၎င်းတို့မှ တစ်စုံတစ်ရာ ဆောင်ရွက်ပေးခြင်း လုံးဝမရှိခဲ့သည့်အပြင် အတွေ့ပင်မခံဘဲ ရှောင်လွှဲနေခဲ့ကြပါသည်။

ကန်ထရိုက်တာများသည် ယင်းအဆောက်အဦးအား သက်ဆိုင်ရာ အဆောက်အအုံဌာန၏ ခွင့်ပြုမိန့် နှင့်အညီ ဆောက်လုပ်မှု မရှိသည့်အပြင် ဆောက်လုပ်မှုနည်းစနစ် မှန်ကန်မှုမရှိခြင်းနှင့် ထည့်သွင်းအသုံးပြု ဆောက်လုပ်ထားသည့်ပစ္စည်းများမှာ အရည်အသွေး အားနည်းကြောင်းတို့ကိုလည်း ယခုအခါ စုံစမ်းသိရှိရပါသည်။

ကန်ထရိုက်တာများ၏ တာဝန်ခံမှု၊ တာဝန်ယူမှုမရှိသောဆောင်ရွက်မှုများ၊ ကတိကဝတ်ပျက်ကွက်မှုများကြောင့် သက်ကြီးရွယ်အို မုဆိုးမတစ်ဦးဖြစ်သည့် မြေပိုင်ရှင် ဒေါ်ကြူကြူဝင်း မှာ ကျန်းမာရေး စီးပွားရေးနှင့် နေထိုင်စားသောက်မှု ဘဝအခက်အခဲများစွာကို ကြုံတွေ့နေရသဖြင့် ကိုယ်ရောစိတ်ပါ လွန်စွာ ထိခိုက် ခံစားနေရပြီး နေ့စဉ်နှင့်အမျှ ဒုက္ခဆင်းရဲမှုများစွာဖြင့် နစ်နာဆုံးရှုံးလျက်ရှိနေရပါသည်။

သို့ဖြစ်၍ ကန်ထရိုက်တာများသည် ဖော်ပြပါ အဆောက်အဦးကို ဆောက်မိန့်ခွင့်ပြုချက်နှင့်အညီ ဆောက်လုပ်မှုမရှိခြင်း၊ ကတိပြုထားသည့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်ပေးနိုင်မှု မရှိခြင်း၊ လူနေထိုင်ရန်မသင့် အန္တရာယ်ရှိသည့် အခြေအနေ ဖြစ်နေခြင်းနှင့် စာချုပ်များမှာလည်း သတ်မှတ်သည့် သက်တမ်းကာလမှာလည်း များစွာကျော်လွန်သွားခဲ့ပြီဖြစ်ခြင်းတို့ကြောင့် လုပ်ငန်းဆက်နွယ်မှု လုံးဝပြတ်တောက်သွားပြီ ဖြစ်ကြောင်း အတိအလင်းအသိပေးကြေညာလိုက်ပါသည်။

ထို့ကြောင့် ယင်းဂရန်မြေ နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ပိုင်ရှင်ဖြစ်သူ ဒေါ်ကြူကြူဝင်း ကသာလျှင် ပိုင်ဆိုင်စီမံဆောင်ရွက်ပိုင်ခွင့် အပြည့်အဝရှိပါသည်။ အဆိုပါ ဆောက်လက်စအန္တရာယ်ရှိ အဆောက် အဦးကို ကန်ထရိုက်တာများ အနေဖြင့် (၁၅) ရက်အတွင်း ပြီးစီးအောင် ဖျက်သိမ်းဖယ်ရှား ရှင်းလင်းပေးရန် အလေးအနက် အသိပေးလိုက်ပါသည်။ ဆောင်ရွက်ပေးခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်းကိုလည်း သိစေအပ်ပါသည်။

Golden City Co.,Ltd ၏ ပိုင်ရှင်-ကန်ထရိုက်တာများနှင့် မြေပိုင်ရှင် ဒေါ်ကြူကြူဝင်း တို့ ပြုလုပ် ချုပ်ဆိုခဲ့ကြသည့် (၂၃- ၁၁ -၂၀၂၂) ရက်စွဲပါ ကတိစာချုပ်၏ စာမျက်နှာ (၅)၊ စာပိုဒ် (၁၅) အရ ကုမ္ပဏီပိုင်ရှင် ကန်ထရိုက်တာများမှ ကြိုတင်ရောင်းချထားသော တိုက်ခန်းများကို ဝယ်ယူထားသူများသည် မြေပိုင်ရှင်နှင့် သက်ဆိုင်ခြင်း လုံးဝမရှိသည့်အပြင် ယင်းတို့နှင့်ပတ်သက်၍ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကုမ္ပဏီပိုင်ရှင်-ကန်ထရိုက်တာများနှင့်သာ သက်ဆိုင်ပြီး ကုမ္ပဏီပိုင်ရှင် ကန်ထရိုက်တာများ ကသာလျှင် တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်ကိုလည်း ကုမ္ပဏီပိုင်ရှင်-ကန်ထရိုက်တာများနှင့် အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

| <u>လွှဲအပ်ညွှန်ကြားသူ -</u> | <u>လွှဲအပ်ညွှန်ကြားချက်အရ -</u> |
|---|---|
| **ဒေါ်ကြူကြူဝင်း** | **ဦးခင်မောင်ဝင်း (တရားလွှတ်တော်ရှေ့နေ)** |
| [၉/မရတ (နိုင်) ၀၆၇၀၄၆] | B.Sc (Phys:), H.G.P, P.G.D.L, LL.B (Q) |
| | အမှတ်(၆၆)၊ ၂၃-လမ်း၊ ၈၃×၈၄-လမ်းကြား၊ မန္တလေးမြို့။ |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၁၅)၊ ဦးပိုင်အမှတ်(၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၄၂၄)ဧကအကျယ်အဝန်းရှိ ဒေါ်ခင်စန္ဒာအောင်(ပါ-၃ ဦး)အမည်ပေါက် ဘိုးဘပိုင်မြေနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော (၁)ဒေါ်ခင်စန္ဒာအောင်(နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၉/မရမ(နိုင်)၀၂၂၁၂၁)၊ (၂)ဒေါ်ခင်ဇီဇဝါအောင်(နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၉/မတရ(နိုင်)၀၀၀၄၃၃)၊ (၃)ဦးကျော်မျိုးအောင်(နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၉/မရမ(နိုင်)၀၈၂၆၁၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဒေါ်သစ်သစ်လေး | ဒေါ်ခင်စိမ်းလန်း | ဒေါ်သီရိထက် |
|---|---|---|
| B.A, H.G.P | LL.B | LL.B |
| 09-2003595 | 09-43101686 | 09-93154244 |

**ဥပဒေအကျိုးဆောင်ရှေ့နေများ**

**၂၂လမ်း၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်အမှတ်(၉၄)ခဲစင်း၊ ၁၁၀ လမ်းနှင့် ၁၁၁ လမ်းကြား၊ ၄၇ လမ်းနှင့် ၄၈ လမ်းကြားရှိ ဦးစိုးမြင့် အမည်ပေါက်တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၈၀၄/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ရီမြင့်၊ ဒေါ်သန်းသန်းတို့၏ (GP ရရှိသူ ဦးသူရအောင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၂၇၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းဦး(၉/နထက(နိုင်)၁၂၀၃၃၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၄၇၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

# MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.

NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

## ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

၁။ မန္တလေးမြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်၊ (ဗုဒ္ဓဟူးနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၁၈) နာရီမှ (၁၂) နာရီအထိ |
| ကျင်းပမည့်ပုံစံ | - | Online Zoom Meeting |

၂။ အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးတက်ရောက်ရန် Registration ပြုလုပ်ရေးအတွက် Mandalay Myotha Industrial Development Public Co., Ltd ၏ Email ဖြစ်သော info@mmid project.com (သို့မဟုတ်) 09-404090583, 09-5168580 Viber Phone Number များသို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မိတ္တူ(ရှေ့/နောက်)၊ အစုရှယ်ယာရှင်လက်မှတ်တို့ကို ဓာတ်ပုံရိုက်၍ (၁၄-၁၂-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးဖိတ်စာနှင့် အစည်းအဝေးဆိုင်ရာ သတင်းအချက်အလက်များကို ကုမ္ပဏီ၏ Website: http:// www. mmidproject.com တွင် အချိန်နှင့် တစ်ပြေးညီ တင်ပြပေးသွားမည်ဖြစ်ပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**
**Mandalay Myotha Industrial Development Public Co., Ltd**
**Website: http://www.mmidproject.com Email: info@mmidproject.com**

---

## ပျောက်ဆုံးကြောင်း

မောင်သက်နိုင်မျိုး(ဘ)ဦးရန်ပီရှမ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၀၈၂၂၅၄)ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် PASSPORT No. MF916625 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**မောင်သက်နိုင်မျိုး**
**၀၉-၉၆၀၇၅၁၃၂၁**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၃)၊ ဦးပိုင်အမှတ်(၁၅၅-က)၊ (၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးနေဝင်း(ခ)မိုဟာမက်(ဘ)ဦးရာကွက်ဇက်ဘိုလတ်(ခ)မောင်မောင်ကြီး(၉/မရမ(နိုင်)၀၅၆၄၈၂) အမည်ဖြင့် ချထားရရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးကျော်နန္ဒ(ဘ)ဦးကျော်မြင့်(၉/မနမ(နိုင်)၁၀၀၅၉၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**
**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၆)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးလပြည့်၊ ဒေါ်ရွှီးရွှီးသိန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီနှစ်ထပ်ခွဲအဆောက်အအုံ၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူများဖြစ်သော ၁။ ဦးလပြည့်(ဘ)ဦးမြင့်စိုး(၉/ပကခ(နိုင်)၀၁၇၈၆၂)၊ ၂။ ဒေါ်ရွှီးရွှီးသိန်း(ဘ)ဦးသိန်းလှိုင်(၁၃/လရန(နိုင်)၁၈၄၁၂၉) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**
**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၉)၊ ဦးပိုင်နံပါတ်(၈၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ရဲတပ်ကြပ်ကြီး တင်အောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန်းငွေ(ဘ)ဦးပန်(၉/ပကခ(နိုင်)၀၀၇၂၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၄)၊ ဦးပိုင်နံပါတ်(၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးသာရင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀ × ၄၀)ထဲမှ တောင်ဘက်အစွန်ဆုံး အခြမ်း(၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြူကြူဇင်(ဘ)ဦးခင်မောင်ရွှေ(၅/ကဘလ(နိုင်)၁၂၃၅၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၂)၊ ဦးပိုင်နံပါတ်(၃၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စိန်ဝင်း(ဘ)ဦးရွှေမြ(TTA-၀၄၃၈၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ ကျေးရွာ၏ အနီးဝန်းကျင်တွင် သစ်တောသစ်ပင်အနည်းဆုံး ၂ ကေခန့်စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခု နှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



# ဘက်ထရီလျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး ခေတ်မီလေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းများဖြင့် နေပြည်တော်-မန္တလေး၊ မန္တလေး-နေပြည်တော် ရထားခရီးစဉ်များ စတင်ပြေးဆွဲမည်

နေပြည်တော် နိုဝင်ဘာ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူ ရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီး ရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ နေပြည်တော်- မန္တလေးနှင့် မန္တလေး-နေပြည်တော်ခရီးစဉ်များကို ဘက်ထရီလျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး ခေတ်မီလေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းများဖြင့် နိုဝင်ဘာ ၂၂ ရက်မှ စတင်၍ လက်ရှိ RBE များဖြင့် ပြေးဆွဲနေသော အမှတ်(၂၇) အဆန်၊ နေပြည်တော်-မန္တလေးနှင့် အမှတ်(၂၈)အစုန်၊ မန္တလေး-နေပြည်တော် ရထားခရီးစဉ်များကို ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်။ *စာမျက်နှာ ၉ သို့*◆

## လူထုပါတီနှင့် ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

လူထုပါတီနှင့် ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၁၀ နှင့် ၁၁ တို့တွင် ဖော်ပြပါရှိပါသည်။ မန္တလေးနေ့စဉ်

## ယနေ့ ဖတ်စရာအညွှန်း


မန္တလေးမြို့ရှိ ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းများကို ရှေးဟောင်းဇယားဝင်အဖြစ် သတ်မှတ်နိုင်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်မည်

စာမျက်နှာ ၁၂

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

စာမျက်နှာ ၁၄


## နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် ဇင်ဘာဘွေနှင့် ဖင်လန်တို့ နိုင်ပွဲကိုယ်စီရယူ

လန်ဒန် နိုဝင်ဘာ ၁၇

နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်တွင် ဇင်ဘာဘွေအသင်းနှင့် ဖင်လန်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီက ကာတာအသင်းနှင့် ဇင်ဘာဘွေအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဇင်ဘာဘွေအသင်းက ကာတာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဇင်ဘာဘွေအသင်းသည် နိုဝင်ဘာလအတွင်း နိုင်ငံတကာခြေစမ်းပွဲစဉ် နှစ်ပွဲကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဆက်လက်၍ ဖင်လန်အသင်းနှင့် အန်ဒိုရာအသင်းတို့ ပွဲစဉ်တွင်လည်း ဖင်လန်အသင်းက အန်ဒိုရာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဖင်လန်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁၈ မိနစ်တွင် အန်မန်း၊ ပွဲချိန် ၂၆ မိနစ်တွင် ပူကီ၊ ပွဲချိန် ၆၉ မိနစ်တွင် နီကလပ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။ (NGB)





## မြိတ်မြို့၌ မဲဆန္ဒနယ်ပြင်ပ သွားရောက်ကျောင်းတက်ကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေး

မြိတ် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း နေထိုင်ကြပြီး မဲဆန္ဒနယ်ပြင်ပသို့ သွားရောက်ကျောင်းတက်ကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် စုပေါင်းရုံးခန်းမ၌ ကြိုတင်ဆန္ဒမဲပေးကြသည်။

"မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအနေနဲ့ တက္ကသိုလ်၊ ကောလိပ်ကျောင်းအသီးသီးကို သွားရောက်ပညာဆည်းပူးကြမယ့် ကျောင်းသားတွေ ကြိုတင်မဲပေးနိုင်ရေးအတွက် *စာမျက်နှာ ၆ သို့*❖